ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တပေါင်းလဆန်း ၁ရက်၊ သောကြာနေ့၊ (20-2-2004) (၄၁၅၂)

ဂါရဝေါ စ တေံ မင်္ဂလ မုတ္တမံ။	ရိုသေထိုက်သူကို ရိုသေခြင်းသည် မြတ်သော မင်္ဂလာမည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေထုတ်ပြန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာဥပဒေ

(နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁/၂၀၀၄)

၁၃၆၅ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ရက်

(၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ရက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့်အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤဥပဒေကို ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။

(က) **ကိုယ်အင်္ဂါအစိတ်အပိုင်း** ဆိုသည်မှာ လူ၏ခန္ဓာကိုယ်ကို ဖွဲ့စည်းထားသော ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် လူ၏ခန္ဓာကိုယ်တစ်ခုလုံးလည်း ပါဝင်သည်။

(ခ) **သေဆုံးခြင်း** ဆိုသည်မှာ လူတစ်ဦး၏ ဦးနှောက်လုပ်ငန်းများအားလုံး ရပ်စဲသွားသည့် အခြေအနေကို ဆိုသည်။

(ဂ) **ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူ** ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို ထုတ်ယူသော်လည်း အသက်အန္တရာယ်မရှိနိုင်လျှင် ယင်းကိုယ်အင်္ဂါအစိတ်အပိုင်းကို ထုတ်ခွင့်ပြုသူ သို့မဟုတ် သေဆုံးသည့်အခါ မိမိ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ထုတ်ယူခွင့်ပြုကြောင်း ကြိုတင်ဆန္ဒပြုထားသူကို ဆိုသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အထည်နှင့် ဆေးဆိုးပန်းရိုက်စက်ရုံ(မြင်းခြံ)နှင့် ဆားလင်းကြီး ချည်မျှင်နှင့် အထည်စက်ရုံ (စီမံကိန်း) ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၇ရက် နံနက်ပိုင်းတွင် မြင်းခြံမြို့၌ကျင်းပသည့် ဆန္ဒတော်ပြည့်စေတီတော် အထက်ဌာပနာတော်သွင်းနှင့် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားကို တက်ရောက်ပူဇော်ကြည်ညိုပြီးနောက် မြင်းခြံမြို့ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း အထည်နှင့် ဆေးဆိုးပန်းရိုက်စက်ရုံ(မြင်းခြံ)သို့ ရောက်ရှိကြရာ စီမံကိန်းညွှန်ကြားရေးမှူး ဦးရဲဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဖေဖော်ဝါရီ ၁၇ရက်က မြင်းခြံမြို့ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း အထည်နှင့် ဆေးဆိုးပန်းရိုက်စက်ရုံ(မြင်းခြံ)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

ထို့နောက် ရှင်းလင်းခန်းမ၌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် တာဝန်ရှိသူတို့က စက်ရုံ၏တည်နေရာနှင့် အကျယ်အဝန်း၊ စက်ရုံတည်ဆောက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ စက်ရုံမှ အဖြူချွတ်ထည်၊ ဆေးဆိုးထည်၊ ပန်းရိုက်ထည် စုစုပေါင်း ကိုက် ၂၀၀၀၀၀ ထုတ်လုပ်နိုင်ပြီး တစ်ရက်လျှင် အထည်ချောပိတ်ကိုက် ၈၀၀ ထုတ်လုပ်နေမှု၊ ဆေးဆိုးပန်းရိုက်လုပ်ငန်းအတွက် ကုန်ကြမ်းပိတ် တစ်နေရာတည်းမှာပင် ထုတ်လုပ်နိုင်ရန် ကုန်ထုတ်လုပ်ငန်းကို တိုးမြှင့်ရန် ရက်ကန်းစင် ၂၀၀ တပ်ဆင်နေမှု၊ ဆေးဆိုးပန်းရိုက်ထည်များ တိုးမြှင့်ထုတ်လုပ်ရန် ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ ဒေသတစ်ခုချင်းအလိုက် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ လူနေမှုဘဝ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❒

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၀-၂-၂၀၀၇
(သောကြာနေ့)

ရေနံနှင့် သဘာဝဓာတ်ငွေ့များ တိုးချဲ့ရှာဖွေ စွမ်းအင်ကဏ္ဍ ပြည့်ဝဖူလုံပို့လျှံရေး ကြိုးပမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရေ၊ မြေ သဘာဝသယံဇာတ ကြွယ်ဝသော နိုင်ငံဖြစ်သည်။ လူသားအရင်းအမြစ်နှင့် အတတ်ပညာ၊ နည်းပညာများ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် သဘာဝသယံဇာတများကို နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်ထုတ်ယူသွားနိုင်မည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းသာယာလျက်ရှိရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ တစ်ချိန်တည်းတွင် နိုင်ငံတော်၏ အကျိုးစီးပွားတိုးတက်ဖြစ်ထွန်းရေးအတွက် သဘာဝသယံဇာတအရင်းအမြစ်များကိုတိုးချဲ့ရှာဖွေလျက်ရှိသည်။ သဘာဝသယံဇာတများကို ကြိုးပမ်းရှာဖွေထုတ်လုပ်လျက်ရှိရာတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့သည် တစ်ခုအပါအဝင်ဖြစ်သည်။

စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံတော်၏ စွမ်းအင်ကဏ္ဍပြည့်ဝ ဖူလုံပို့လျှံစေရေးအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးချဲ့ရှာဖွေရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ကုန်းတွင်းပိုင်း၌ ရေနံနှင့်သဘာဝဓာတ်ငွေ့မြေအသစ်များကို တိုးချဲ့ရှာဖွေထုတ်လုပ်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီလ ၁၇ ရက်နေ့က စစ်ကိုင်းတိုင်း မော်လိုက်မြို့နယ်ရှိ အင်းတော်ဒေသ ရေနံရှာဖွေရေးစီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တူးဖော်ဆဲနှင့် ဆက်လက်တူးဖော်ရန် လျာထားမှုများကို အစီအမံအတိုင်း ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားခဲ့သည်။

ယခုအခါ အင်းတော်ဒေသရေနံရှာဖွေရေး စီမံကိန်းတွင် တွင်းအမှတ်(၁)၊ တွင်းအမှတ် (၂)နှင့် တွင်းအမှတ် (၃) တို့ကို စမ်းသပ်တူးဖော်လျက်ရှိသည်။ လက်ရှိတွင်းအမှတ် (၁)ကို တူးဖော်လျက်ရှိရာ အနက်ပေ ၆၅၀၀ တွင် တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ ၄ ဒသမ ၃၂သန်းခန့်ထွက်ရှိနေကြောင်း သိရသည်။

အင်းတော်ဒေသတွင် တူးဖော်ဆဲတွင်းအမှတ် (၂)မှာ ဆားငန်ရည်များသာ ထွက်ရှိလျက်ရှိပြီး တွင်းအမှတ် (၃)ကို ပေ ၆၀၀၀ အထိ တူးဖော်မည်ဖြစ်ရာ ယခုအချိန်တွင် ၇၅၇ ပေအထိ ရောက်ရှိနေပြီဖြစ်သည်။ ဆက်လက်၍ အကဲဖြတ်တွင်းများတူးပြီး အင်းတော်ဒေသ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ အလားအလာကို ခန့်မှန်းတွက်ချက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့မြေများ တိုးချဲ့ရှာဖွေထုတ်လုပ်လျက်ရှိရာ အချို့သောရေနံနှင့် သဘာဝဓာတ်ငွေ့မြေများမှာ အလားအလာကောင်းမွန်လျက်ရှိသည်။

ဧရာဝတီတိုင်း ညောင်တုန်းဘူမိအနေအထားနှင့် ဆက်စပ်လျက်ရှိသည့် မအူပင်၊ ပန်းတနော်၊ ညောင်တုန်း (အလယ်) ဒေသများတွင် တွင်းသစ်များ ဆက်လက်ရှာဖွေတူးဖော်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေရှိ ညောင်တုန်းတွင်းသစ်အမှတ်(၂၁)ကိုအောင်မြင်စွာတူးဖော်ပြီးစီးခဲ့ပြီဖြစ်ရာ အဆိုပါတွင်းသစ်မှ နေ့စဉ်သဘာဝဓာတ်ငွေ့ ကုဗပေ ၆ ဒသမ ၉၇၄ သန်းနှင့် လေဆီ ၇၂ စည်ခန့်ကို ထုတ်လုပ်လျက်ရှိသည်။

ယခုအခါ ညောင်တုန်း ရေနံနှင့်သဘာဝဓာတ်ငွေ့မြေတွင် တွင်းပေါင်း ၁၆ တွင်းမှ နေ့စဉ်သဘာဝဓာတ်ငွေ့ ကုဗပေ ၈၃ သန်းခန့်နှင့် လေဆီ ၁၁၈၄ စည်ခန့် ထုတ်လုပ်ပေးလျက်ရှိသည်။ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို ညောင်တုန်း–ရန်ကုန် သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှတစ်ဆင့် ရန်ကုန်ဒေသအတွင်းရှိစက်ရုံများသို့ ပေးပို့ဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေရေးအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့များ ဖြစ်ထွန်းတည်ရှိနိုင်မှု အလားအလာများကိုအခြေခံပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့များ တိုးချဲ့ရှာဖွေထုတ်လုပ်ကြရန်နှင့်စွမ်းအင်ကဏ္ဍ ပြည့်ဝဖူလုံပို့လျှံစေရေး ရည်မှန်းချက်ဖြင့် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ–ထိုင်း ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးစာချုပ် လက်မှတ်ရေးထိုး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာအား ထိုင်းနိုင်ငံစက်မှုဝန်ကြီး H.E. Mr. Phinij Jarusombut သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။ တွေ့ဆုံရာသို့ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး ဧည့်သည်တော်ဝန်ကြီးနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal နှင့် ထိုင်းနိုင်ငံ ရင်းနှီးမြှုပ်နှံမှုအဖွဲ့ရုံး (BOI)မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

တက်ရောက်

တွေ့ဆုံနှုတ်ဆက်အပြီးတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ထိုင်းနိုင်ငံရင်းနှီးမြှုပ်နှံမှုအဖွဲ့ရုံး (BOI) တို့အကြား ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကိုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ ထိုင်းနိုင်ငံစက်မှုဝန်ကြီး H.E. Mr. Phinij Jarusombut၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်ရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ထိုင်းနိုင်ငံ ရင်းနှီးမြှုပ်နှံမှုအဖွဲ့ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးတို့တက်ရောက်ကြသည်။

လက်မှတ်ရေးထိုးပွဲတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကိုယ်စား အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါ်သန်းနွဲ့နှင့် ထိုင်းနိုင်ငံ ရင်းနှီးမြှုပ်နှံမှုအဖွဲ့ရုံး(BOI)ကိုယ်စား အထွေထွေအတွင်းရေးမှူး Mr. Somphong Wanapha တို့က ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကိုလက်မှတ်ရေးထိုးကြသည်။

(သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာအား ထိုင်းနိုင်ငံ စက်မှုဝန်ကြီးဌာနဝန်ကြီး H.E. Mr. Phinij Jarusombut နှင့် ထိုင်းနိုင်ငံ ရင်းနှီးမြှုပ်နှံမှုအဖွဲ့ရုံးမှ တာဝန်ရှိသူများ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံတော် ပြန်တမ်း

ရန်ကုန် ဖေဖော်ဝါရီ ၁၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့် ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

အမည်	ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူး၊ ဌာန
(က) ဦးဝင်းနိုင်	ညွှန်ကြားရေးမှူးချုပ် ပြည်တွင်းအခွန်များဦးစီးဌာန ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
(ခ) ဦးမြတ်ကို	ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာန
(ဂ) ဦးဘမြင့်	ညွှန်ကြားရေးမှူးချုပ် အကျဉ်းဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာန

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ဘဏ္ဍာ/ အခွန်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၃–၂၀၀၄ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင်ဘဏ္ဍာ/အခွန်အသင်းနှင့် ပြည်ထဲရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘဏ္ဍာ/အခွန်အသင်းက လေးဂိုး–နှစ်ဂိုးဖြင့်အနိုင်ရရှိသွားသည်။

ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို ဘဏ္ဍာ/အခွန်အသင်းမှ မျိုးလှိုင်ဝင်းက ရရှိသည်။

ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၀ရက် ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ စွမ်းအင်အသင်းနှင့် သစ်တောရေးရာအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(သတင်းစဉ်)

ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး ပြန်လည်ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတွင် တရားဝင်ခရီးရောက်ရှိနေသော ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ဒယ်လီယာဒိုမင်ဂို အယ်လ်ဘတ်နှင့်အဖွဲ့သည် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

ဧည့်သည်တော် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ဒယ်လီယာဒိုမင်ဂို အယ်လ်ဘတ်နှင့် အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံသံအမတ်ကြီး မဒမ်ဖိုဘီ အေဂိုမေနှင့် သံရုံးမှ ဝန်ထမ်းများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လိုက်ပါပို့ဆောင်ကြသည်။

တွေ့ဆုံဆွေးနွေး

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် အလည်အပတ်ရောက်ရှိနေသော ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ဒယ်လီယာဒိုမင်ဂို အယ်လ်ဘတ်နှင့်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်က ယမန်နေ့ညပိုင်းတွင် ဆိဒ်ိုနားဟိုတယ်၌ လက်ခံတွေ့ဆုံဆွေးနွေးခဲ့ပြီး ညစာဖြင့်တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်အား ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ဒယ်လီယာဒိုမင်ဂိုအယ်လ်ဘတ်နှင့်အဖွဲ့ တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၁၇ ရက်က ဘဂ္ဂဒက်မြို့တွင် လုံခြုံရေး စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖော်လူဂျာတိုက်ခိုက်မှုများကို အီရတ်များကသာ လုပ်ဆောင်ခြင်းဖြစ် လာမည့်လများအတွင်း ခုခံတိုက်ခိုက်မှုများ တိုးပွားလာနိုင်

ဖော်လူဂျာ ဖေဖော်ဝါရီ ၁၈

အမေရိကန်တပ်ဖွဲ့များအား ပစ်မှတ်ထားကာ နေ့စဉ်နီးပါး ဗုံးခွဲတိုက်ခိုက်နေသည်ကို သဘောပေါက်နိုင်သော်လည်း အီရတ်လုံခြုံရေး တပ်ဖွဲ့များကို ပစ်မှတ်ထားတိုက်ခိုက်မှု တိုးမြင့်လာမှုကို စဉ်းစားရခက်နေကြောင်း အီရတ်ရှိ စစ်ဖက်တာဝန်ရှိသူများက ပြောကြားသည်။

တိုက်ခိုက်ခံရ

ယခု သီတင်းပတ်ကုန်တွင် ဖြစ်ပွားခဲ့သော ဖော်လူဂျာမြို့ ရဲစခန်းနှင့် လုံခြုံရေးစခန်းဝင်များကို တိုက်ခိုက်ခံရမှုများနှင့် ပတ်သက်ပြီး မေးမြန်းစရာများ ပိုမိုများပြားလာကြောင်း သိရသည်။ အဆိုပါ တိုက်ခိုက်မှုများနှင့် ဆက်နွှယ် ပတ်သက်မှုဖြင့် ဖော်လူဂျာမြို့တော်ဝန်ကို ဗုဒ္ဓဟူးနေ့က ထိန်းသိမ်းခဲ့ကြောင်းနှင့် ရဲစခန်းနှင့် ဆက်သွယ်ထားသော ဆက်သွယ်ရေး လမ်းကြောင်းများကို ဖြတ်တောက်ထားခဲ့သည့် သက်သေအချက်အလက်များ ပိုမိုရရှိလာခြင်းကြောင့် တိုက်ခိုက်မှုကို နိုင်ငံခြားသားများက လုပ်ဆောင်ခဲ့ခြင်းမဟုတ်ဘဲ အီရတ်လူမျိုးများက လုပ်ဆောင်ဖွယ်ရှိကြောင်း သိရသည်။

လွှဲပြောင်းပေး

အီရတ်လုံခြုံရေးတပ်ဖွဲ့များ ထိန်းချုပ်မှု အောက်သို့ အီရတ်နိုင်ငံဒေသအချို့ကို လွှဲပြောင်းပေးရန် အစီအစဉ်ရှိသော်လည်း ဖော်လူဂျာ ဒေသကိုမူ လွှဲပြောင်းပေးရန် အစီအစဉ်မရှိကြောင်း အမေရိကန်စစ်ဖက် တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တိုက်ခိုက်မှုတိုးပွား

လာမည့်လများအတွင်း ခုခံတိုက်ခိုက်မှုများ တိုးပွားလာနိုင်သည်ကို အမေရိကန်တို့က သတိပေးထားကြောင်း သိရသည်။ အမေရိကန် တပ်ဖွဲ့များသည် အီရတ်တွင် နှစ်အနည်းငယ်ခန့် ဆက်လက်ရှိမည် ဖြစ်သဖြင့် ကျူးကျော်သိမ်းပိုက်မှုကို ဆန့်ကျင်နေဦးမည်ဖြစ်သည်။

အီရတ် ပြည်သူအများစုသည် အီရတ် လုံခြုံရေး တပ်ဖွဲ့များ ပိုမိုအင်အား တောင့်တင်း ခိုင်မာလာမှသာ ကိုယ်ပိုင်ရပ်တည်လာနိုင်မည်ဟု ယူဆကြသည်။ အီရတ်နိုင်ငံတွင် လုံခြုံရေးတတ်နိုင်သမျှ အမြန်ဆုံးရရှိလာစေရန် အီရတ်လုံခြုံရေးတပ်ဖွဲ့များက ကြိုးစားနေသည်။

စီအင်န်အင်န်။

အမေရိကန် အမျိုးသမီးတပ်ဖွဲ့ဝင် အီရတ်တွင် သေဆုံး

လင်နာ ဖေဖော်ဝါရီ ၁၉

အမေရိကန်နိုင်ငံ ဝစ္စကွန်ဆင်ပြည်နယ် လင်နာမှ အမေရိကန် အမျိုးသမီးတပ်ဖွဲ့ဝင်တစ်ဦးဖြစ်သူ နီကိုးလ်အမ်ဖရိုင်ယာ (၁၉နှစ်)မှာ အီရတ်သို့ ရောက်ရှိပြီး ရက်သတ္တနှစ်ပတ်အကြာတွင် သေဆုံးသွားသည်။

နီကိုးလ်အမ်ဖရိုင်ယာမှာ စီးနင်းလိုက်ပါသည့် အမေရိကန်စစ်ကား ဗုံးထိမှန်ပြီးနောက် ဒဏ်ရာရသေဆုံးသွားကြောင်း အာဏာပိုင်များနှင့် ၎င်း၏ မိသားစုဝင်များက အင်္ဂါနေ့တွင် ပြောကြားသည်။

နီကိုးလ်အမ်ဖရိုင်ယာအား မစ်ချီဂန်ပြည်နယ်၊ ကာလာမာဇူးရှိ အမေရိကန် အရန်တပ်၊ အမှတ် (၄၁၅) ပြည်သူ့ရေးရာတပ်ရင်း၊ တပ်ခွဲ (က)တွင် တွဲဖက်တာဝန်ပေးထားသည်။

နီကိုးလ်ထံမှ သူမ၏ တာဝန်နှင့် ပတ်သက်၍ ရေးပြထားသော အီးမေးလ်တစ်စောင်ကို လွန်ခဲ့သည့် ရက်သတ္တပတ်က ရရှိခဲ့ကြောင်း သူ့မိခင် လီဆာဖရိုင်ယာက အေပီသို့ ပြောကြားသည်။

နီကိုးလ်အမ်ဖရိုင်ယာသည် အီရတ်၌သေဆုံးသည့် ဝစ္စကွန်ဆင်မှ ဒုတိယမြောက် အမျိုးသမီးတပ်ဖွဲ့ဝင်ဖြစ်ပြီး ၎င်းနှင့်ပါဆိုလျှင် ဝစ္စကွန်ဆင်မှ အီရတ်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ၁၀ဦးရှိသွားပြီဖြစ်ကြောင်း သိရသည်။

အင်တာနက်။

နိုင်ငံတကာ သတင်းများ

အီရတ်တောင်ပိုင်း ဟီလာမြို့ရှိ ပိုလန်တပ်စခန်းတွင် ကားဗုံးနှစ်လုံး တစ်ပြိုင်နက်ပေါက်ကွဲမှုဖြစ်ပွား

ဟီလာ ဖေဖော်ဝါရီ ၁၈

အီရတ်နိုင်ငံတောင်ပိုင်း ဟီလာမြို့ရှိ ပိုလန်တပ်စခန်းတွင် ဗုဒ္ဓဟူးနေ့က ကားဗုံးနှစ်လုံး တစ်ပြိုင်နက် ပေါက်ကွဲမှုကြောင့် လူကိုးဦးထက်မနည်း သေဆုံးသည်။ ဟီလာမြို့တွင် နိုင်ငံတကာ တပ်ဖွဲ့များ အခြေစိုက်ရာ တပ်စခန်းတစ်ခုရှိပြီး၊ အမေရိကန်၊ ဟန်ဂေရီ၊ ရိုးမေးနီးယား နိုင်ငံတို့မှ တပ်ဖွဲ့ဝင်များ သာမက ရဲသင်တန်းကျောင်း တစ်ကျောင်းနှင့် အကြမ်းဖက်မှု နှိမ်နင်းရေး ယူနစ် တစ်ခုလည်း တပ်စွဲထားသည်။

အဆိုပါ တပ်စခန်းကို ဗုဒ္ဓဟူးနေ့ နံနက် အီရတ်စံတော်ချိန် နံနက် ၇ နာရီ ၁၅ မိနစ်တွင် တိုက်ခိုက်ခဲ့ရာ ယခင်နှင့်မတူဘဲ နည်းဗျူဟာ ပြောင်းလဲမှုတစ်ရပ်ဖြစ်သည်ကို တွေ့ရသည်။ မော်တော်ယာဉ် နှစ်စီးသည် အသေခံဗုံးခွဲရန်စီစဉ်ပြီး တပ်စခန်းသို့ ဝင်ရောက်ကာ ပထမကားတစ်စီးကို ဖောက်ခွဲခြင်းဖြင့် အကာအကွယ်ပေးထားသော ကွန်ကရစ် ဘလောက်တုံးများ၏ ကာကွယ်နိုင်မှုကို လျော့ချရန် စီစဉ်ခဲ့ပြီး ဒုတိယကားဗုံးခွဲမှုဖြင့် လူအမြောက်အမြား သေစေရန် ရည်ရွယ်ခဲ့သည်။ သို့ရာတွင် ပထမကားမောင်း သူကို ပစ်သတ်ခဲ့သည့်အတွက် ဗုံးခွဲမှု အရှိန်လျော့ကျသွားကာ အသေခံဗုံးခွဲသူ နှစ်ဦးနှင့် အနီးအနားရှိ အီရတ်အရပ်သားနှစ်ဦး သေဆုံးသွားသည်။

သေဆုံးသူဦးရေ ထပ်မံမြင့်တက်လာနိုင်ပြီး ဒဏ်ရာရသူများတွင် ပိုလန်တပ်ဖွဲ့ဝင် ခြောက်ဦး၊ ဟန်ဂေရီတစ်ဦးနှင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးတို့ ပါဝင်သည်။ ယခု တိုက်ခိုက်မှုသည် လေးလအတွင်း အမေရိကန် ဦးဆောင်သော တပ်ဖွဲ့များအပေါ် ပစ်မှတ်ထားတိုက်ခိုက်မှုဖြစ်ပြီး နိုဝင်ဘာလအတွင်း နာဆရီယာရှိ အီတလီစစ်ရဲစခန်းကို တိုက်ခိုက်မှုကြောင့် အီတလီတပ်ဖွဲ့ဝင် ၂၃ ဦးသေဆုံးခဲ့ကာ၊ ဒီဇင်ဘာလမှာ ကာဘာလာမြို့ တိုက်ခိုက်မှုကြောင့် ဘူလ်ဂေးရီးယားတပ်ဖွဲ့ဝင် ခြောက်ဦးနှင့် အခြားတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးခဲ့ဖူးသည်။

စီအင်န်အင်န်။

အသေခံဗုံးခွဲတိုက်ခိုက်ခဲ့



ဖေဖော်ဝါရီ ၁၈ ရက်က အီရတ်နိုင်ငံ အလယ်ပိုင်း ဟီလာမြို့ရှိ ပိုလန်စစ်အခြေစိုက်စခန်းကို အသေခံဗုံးခွဲသူနှစ်ဦးက ဗုံးခွဲတိုက်ခိုက်မှုကြောင့် အဆောက်အအုံများ ပျက်စီးနေပုံကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘောဂျင်းမြို့၌ ရာကျော်ဘိုးဘွား ၂၄၇ဦးရှိ

ဘောဂျင်း ဖေဖော်ဝါရီ ၁၉

တရုတ်နိုင်ငံ ဘောဂျင်းမြို့တော်တွင် ၂၀၀၃ခုနှစ်ကုန်၌ ရာကျော်ဘိုးဘွားပေါင်း ၂၄၇ဦးရှိသဖြင့် ဂုဏ်ယူဖွယ်ဖြစ်သည်ဟု ဘောဂျင်းဒေးလီးသတင်းစာက ထုတ်ဖော်ရေးသားသည်။ ယင်းအရေအတွက်မှာ ၂၀၀၁ ခုနှစ်ကထက် ၅၇ဦး ပိုမိုများပြားလာသည်ကို ပြသလိုက်ခြင်းလည်းဖြစ်သည်။

အဆိုပါ အသက်ရာကျော် ဘိုးဘွားများအနက် အသက် ၁၀၀ရှိ ဘွားဘွားသုံးဦးအပါအဝင် ရာကျော်ဘွားဘွားများက ၈၀ ရာခိုင်နှုန်းပါဝင်ပြီး၊ ရာကျော်ဘိုးဘွား ၂၀၉ဦး သို့မဟုတ် ဘိုးဘွားအားလုံး၏ ၈၄ ဒသမ ၆ ရာခိုင်နှုန်းသည် မြို့ပြတွင် နေထိုင်ကြီးပြင်းလာရသူများဖြစ်ကြောင်း ဘောဂျင်းမြူနီစီပယ်ကော်မတီ၏ သက်ကြီးရွယ်အို စာရင်းအင်းများအရ သိရသည်။

၂၀၀၃ခုနှစ်ကုန်တွင် မြို့တော်အတွင်း နေထိုင်သော အသက် ၆၀နှင့်အထက်ရှိသူဦးရေမှာ သုည ဒသမ ၂ သန်းရှိကြောင်း သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရန်တွင် ကုန်ရထား ပေါက်ကွဲမှုဖြစ်ပွား

အီရန် ဖေဖော်ဝါရီ ၁၈

အီရန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ဖေဖော်ဝါရီ ၁၈ ရက်က ကုန်တင် မီးရထားတစ်စီး လမ်းချော်ကာ ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် လူပေါင်း ၃၀၀ ခန့် သေဆုံးကြောင်းသိရသည်။

ပြောကြား

မီးလောင်လွယ်သည့် ပစ္စည်းများဖြစ်သော ကန့်(ဆာလ်ဖာ)၊ ဓာတ်ဆီနှင့် ဓာတ်မြေသြဇာများ တင်ဆောင်လာသော ကုန်တင်မီးရထားသည် ခိုရာဆမ်ပြည်နယ် နေရှာဘူရ်မြို့ငယ်အနီးတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနီးအနားရှိ ကျေးရွာသုံးရွာမှာ ဆိုးဆိုးရွားရွား ပျက်စီးသွားရသည်။ သေဆုံးရသူ အများအပြားမှာ ပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်လာသော မီးလောင်ကျွမ်းမှုကို ငြိမ်းသတ်နိုင်ရန် ကြိုးပမ်းနေသော မီးသတ်သမားများဖြစ်ကြသည်။ ယင်းမတော်တဆမှု၏ အတိုင်းအတာမှာ အလွန်ပြင်းထန်ပြီး ပျက်စီးထိခိုက်ရမှုမှာ ကနဦး ခန့်မှန်းသည်ထက် ပိုမိုများပြားမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။

ပေါက်ကွဲမှုကြောင့် ၁၀ ကီလိုမီတာ (ခြောက်မိုင်)အကွာရှိ နေအိမ်များမှ ပြတင်းပေါက်များ ပြိုကွဲသွားပြီး ဒေသဆိုင်ရာ မြို့ကြီးဖြစ်သော မာရှုဟက်မြို့မှပင်လျှင် ပေါက်ကွဲသံကို ကြားခဲ့ကြရသည်။ အဆိုပါမြို့သည် ပေါက်ကွဲမှုဖြစ်ပွားရာနေရာမှ ၇၅ ကီလိုမီတာ အကွာတွင် တည်ရှိသည်။ ပေါက်ကွဲမှုအတွင်း ဒေသဆိုင်ရာ အစိုးရအရာရှိ နှစ်ဦးထက်မနည်း သေဆုံးရကြောင်း ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးချုပ်က ပြောကြားသည်။

ပေါက်ကွဲခဲ့

ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူ ၆၀ သေဆုံးသည်ဟု အစိုးရက အတည်ပြုပြောကြားခဲ့သည်။ မြေငလျင်လှုပ်မှုကြောင့် မီးရထားလမ်းချော်တိမ်းမှောက်ကာ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု ယူဆရသည်။

အင်တာနက်။

အီရတ်လုံခြုံရေးအခြေအနေ ပိုမိုဆိုးရွားလာနေ

အမေရိကန်တပ်ဖွဲ့၏ စီမံဆောင်ရွက်ပုံများကိုဝေဖန်

ဖေဖော်ဝါရီ ၁၈

အီရတ်လူမျိုးများထံ အုပ်ချုပ်ရေးအာဏာကို လွှဲပြောင်းပေးရန် အမေရိကန်တို့က စီစဉ်နေသော်လည်း အီရတ်နိုင်ငံအတွင်း ယခုအချိန်အထိ လုံခြုံရေးအခြေအနေ ပိုမိုဆိုးရွားလာလျက်ရှိပြီး ထိခိုက်သေကြေ ပျက်စီးဆုံးရှုံးမှုများ တိုးပွားများပြားလျက်ရှိသည်။ နိုင်ငံ၏ အချုပ်အခြာအာဏာ လွှဲပြောင်းရေးနှင့် လုံခြုံရေးအခြေအနေကောင်းမွန်ရေးတို့သည် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များ စွမ်းဆောင်မှုအပေါ်မူတည်မည်ဖြစ်သည်။ ခုခံတိုက်ခိုက်သူများကလည်း အမေရိကန်တို့ စီမံဆောင်ရွက်နေသည်များကို ဆန့်ကျင်ကာ ဆက်လက်တိုက်ခိုက်လျက်ရှိခြင်းကြောင့် အီရတ်ရဲတပ်ဖွဲ့များနှင့် လုံခြုံရေးတပ်ဖွဲ့များသည် တိုက်ခိုက်ရေးသမားများ၏ ပစ်မှတ်ဖြစ်လာသည်။ ဖော်လူဂျာမြို့ရှိ ရဲစခန်းတစ်ခုကို လက်နက်ကိုင် တိုက်ခိုက်ရေးသမားများက ပြီးခဲ့သည့် သီတင်းပတ်ကုန်က ၁၅ မိနစ်ကြာ ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ရာ သေဆုံးသူ ၂၅ ဦးအနက် အများစုသည် အီရတ်ရဲတပ်ဖွဲ့ဝင်များဖြစ်ပြီး ၎င်းရဲစခန်းမှ အကျဉ်းသား ၇၀ ကျော် လွတ်မြောက်သွားကြောင်း၊ အမေရိကန် တပ်ဖွဲ့ဝင်များက တန်ပြန်မတိုက်ခိုက်မီ တိုက်ပွဲပြီးဆုံးသွားကြောင်း သိရှိရသည်။

သို့ဖြစ်၍ အမေရိကန်တို့ လိုလားနေသည့်အတိုင်း အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လုံခြုံမှုထိန်းသိမ်းရေးတာဝန်ကို လျင်မြန်စွာ လွှဲပြောင်းယူနိုင်ပါမည်လောဟူသည်ကို အမေရိကန်တို့ကို အီရတ်ပြည်သူတို့က မေးခွန်းထုတ်လျက်ရှိသည်။

စီအင်န်အင်န်။

အီရတ်နိုင်ငံ၌ လုံခြုံမှုကင်းမဲ့နေဆဲ ပိုလန်ဘောလုံးအသင်း အီရတ်ခရီးစဉ်ဖျက်သိမ်း

ဘဂ္ဂဒက်　　ဖေဖော်ဝါရီ　　၁၀

အီရတ်နိုင်ငံ ပိုလန်စစ်အခြေစိုက်စခန်းတွင် အသေခံဗုံးခွဲမှုကြောင့် အီရတ်နိုင်ငံသားခုနစ်ဦးသေဆုံးပြီး ၈၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီးနောက် ပိုလန်နိုင်ငံမှ ဘောလုံးအသင်းတစ်သင်းသည် အီရတ်နိုင်ငံသို့သွားရောက်မည့် ခရီးစဉ်အား ဖျက်သိမ်းလိုက်သည်။

ပိုလန်နိုင်ငံအလယ်ပိုင်းမှ ဒုတိယတန်းပိုလန်ဘောလုံးအသင်းသည် အီရတ်နိုင်ငံသို့ လာမည့်တနင်္လာနေ့မှစတင်၍ ရှစ်ရက်ကြာခရီးစဉ်အဖြစ် သွားရောက်ရန် စီစဉ်ထားသည်။

အီရတ်နိုင်ငံတွင် အချိန်တိုင်းတိုက်ခိုက်မှုဖြစ်ပွားနေသည်ဟု မိမိတို့ကြားသိနေရကြောင်း၊ ပိုလန်စစ်အခြေစိုက်စခန်း ဗုဒ္ဓဟူးနေ့နံနက်ပိုင်းကတိုက်ခိုက်ခံရကြောင်း၊ ယင်းအခြေအနေမျိုးတွင် ဘောလုံးသမားများ၏ အသက်အန္တရာယ်ရှိနေကြောင်း အဆိုပါကလပ်အသင်းမှ တာဝန်ရှိပုဂ္ဂိုလ် ဂျာရော့စလောက ပြောကြားသည်။

မိမိတို့ကလပ်အသင်းအနေဖြင့် ယင်းခရီးစဉ်သွားရန်ငွေကြေးအခက်အခဲများရှိခဲ့ကြောင်း၊ ယခုသွားရန်စီစဉ်ထားသည့်ခရီးစဉ်သည် အီရတ်နိုင်ငံသို့ ပထမဆုံးသွားရောက်မည့် ခရီးစဉ်ဖြစ်ကြောင်း ဂျာရော့စလောကပြောကြားသည်။

ပိုလန်ကလပ်ဘောလုံးအသင်းသည် ဘဂ္ဂဒက်မြို့တော်ရှိ ထိပ်တန်းကလပ်ဘောလုံးအသင်းဖြစ်သည့် အယ်လ်-တာလာဘာနှင့် နာဂျက်ဖ်ရှိ ဘောလုံးအသင်းတို့နှင့် ကစားရန်စီစဉ်ထားခဲ့သည်။ ***အင်တာနက်။***

လုံခြုံရေးစောင့်ကြပ်

ဖေဖော်ဝါရီ ၁၇ ရက်က အီရတ်နိုင်ငံဘဂ္ဂဒက်မြို့တွင် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်သဲကန္တာရဒေသကို အိုအေစစ်အဖြစ်ဖန်တီး

လန်ကျိုး　　ဖေဖော်ဝါရီ　　၁၇

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း သဲကန္တာရဒေသရှိ ကျိယူကွမ်ဂြိုဟ်တု လွှတ်တင်ရေးဌာနသည် အဆိုပါဌာနကို ထိန်းသိမ်းစောင့်ရှောက်ကြသော ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် စိမ်းလန်းစိုပြည်သော အိုအေစစ်ဒေသတစ်ခုအဖြစ် ပြောင်းလဲနေပြီဟု ဆိုသည်။ အဆိုပါဒေသတွင် သဲမုန်တိုင်းများ တိုက်ခတ်မှုအန္တရာယ်မှလည်း ကင်းဝေးသွားပြီဖြစ်သည်။

အဆိုပါဂြိုဟ်တု လွှတ်တင်သည့် စခန်းပတ်ဝန်းကျင်တွင် သစ်ပင် ၆၈မျိုးကို သိပ္ပံပညာရှင်များ၊ အရာရှိများနှင့် ဝန်ထမ်းများ၏ အကူအညီဖြင့် စိုက်ပျိုးခဲ့ပြီး စိမ်းလန်းသော အရိပ်အာဝါသအဖြစ် ဖန်တီးခဲ့ကြသည်။

စီစဉ်ဆောင်ရွက်

ထို့အပြင် အဆိုပါဒေသ၌ ဟင်းသီးဟင်းရွက် စိုက်ပျိုးရန် ဖန်လုံအိမ်များ တည်ဆောက်ခြင်း၊ ဆားငန်ရေကိုသောက်ရေသန့်အဖြစ် ဖန်တီးခြင်းနှင့် စက်ရေတွင်းများ တူးဖော်ခြင်းတို့ကိုလည်း အဆိုပါပုဂ္ဂိုလ်များက စီစဉ်ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်လာခြင်းကြောင့် ဝန်ထမ်းများအတွက် သက်သာချောင်ချိရုံမျှမက ငှက်များစွာတို့ လာရောက်ခိုနားအောင် ဆွဲဆောင်လျက်ရှိသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဖေဖော်ဝါရီ ၁၈ ရက်က အီရတ်နိုင်ငံ ဟီလာမြို့ရှိ ပိုလန်စစ်အခြေစိုက်စခန်း ပြင်ပတွင် ကားဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ပြီးနောက် ပိုလန်တပ်ဖွဲ့ဝင်များက လုံခြုံရေးဆောင်ရွက်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် နှင်းမုန်တိုင်းနှင့် ဖုန်မုန်တိုင်းကျရောက်

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၈

ပြီးခဲ့သောနှစ်ရက်က အရှေ့အလယ်ပိုင်းဒေသ၌ မွှေခဲ့သော ဖုန်မုန်တိုင်းနှင့် နှင်းမုန်တိုင်းတို့၏ ဒဏ်ကို အီရတ်နိုင်ငံက ခံစားခဲ့ရကြောင်း အီရတ်မိုးလေဝသတာဝန်ရှိသူများက ပြောကြားကြသည်။

တနင်္ဂနွေနေ့က ဂျော်ဒန်၊ ပါလက်စတိုင်းနှင့် လက်ဘနွန်နိုင်ငံများတွင် လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်ခဲ့သည်။ ထိုဖိအားနည်းရပ်ဝန်း၏ အကျိုးသက်ရောက်မှုကို အီရတ်နိုင်ငံက ခံစားရခြင်းဖြစ်သည်ဟုဆိုသည်။

ဘဂ္ဂဒက်မြောက်ဘက် ကီလိုမီတာ၄၀၀အကွာရှိ မိုဆူးလ်မြို့ဒေသတွင် နှင်းမုန်တိုင်းကျရောက်ခဲ့ပြီး အပူချိန်လည်း ဆိုးဆိုးရွားရွားကျဆင်းသွားခဲ့ရသည်။ ထို့အပြင် မိုးသည်းသည်းထန်ထန် ရွာသွန်းခဲ့သေးကြောင်း သိရသည်။

မိုဆူးလ်မြို့တွင် နှင်းများထူထပ်စွာကျဆင်းမှုကြောင့် အနီးဝန်းကျင်ရှိ အာဘီးလ်မြို့နှင့် ဒီဟော့မြို့များသို့ အသွားအလာများပြတ်တောက်သွားခဲ့သည်။ အာဘီးလ်မြို့မှာ ဘဂ္ဂဒက်မြို့တော်၏မြောက်ဘက် ၃၈၀ကီလိုမီတာအကွာတွင် တည်ရှိပြီး ဒီဟော့မြို့မှာ ဘဂ္ဂဒက်၏မြောက်ဘက်၄၆၅ကီလိုမီတာအကွာတွင် တည်ရှိသည်။

ဘဂ္ဂဒက်မြို့တော်၌မူ အဆိုးရွားဆုံးသဲမုန်တိုင်းနှင့် ကြုံတွေ့ခဲ့ရသည်။ ထိုမုန်တိုင်းသည် အမေရိကန်တို့ အီရတ်သို့ စစ်ပွဲစတင်ဆင်နွှဲသောမတ်လက မုန်တိုင်းမျိုးနှင့် ဆင်သည့်အတွက် အဆိုပါမတ်လကာလကို ပြန်ပြောင်းအမှတ်ရစေသည်ဟုဆိုသည်။

အင်တာနက်။

ကူဝိတ်တွင်ကားမှောက် အမေရိကန်စစ်သား ၂၅ ဦး ဒဏ်ရာရ

ကူဝိတ် ဖေဖော်ဝါရီ ၁၈

ကူဝိတ်နိုင်ငံမြောက်ပိုင်းရှိ လေတပ်အခြေစိုက်စခန်းတစ်ခုအနီးတွင် ဘတ်စ်ကားတစ်စီး တိမ်းမှောက်ခဲ့ရာ အမေရိကန်စစ်သည် ၂၅ဦးတို့ ဒဏ်ရာရရှိသွားကြကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။ ယင်းလေတပ်အခြေစိုက်စခန်းသည် အမေရိကန်နှင့် ကူဝိတ် စစ်ဘက်ဆိုင်ရာများ အသုံးပြုသော လေတပ်စခန်းဖြစ်သည်။

တနင်္ဂနွေနေ့က ကားတိမ်းမှောက်ခဲ့သော နေရာသည် အလီအယ်ဆာလမ် လေတပ်စခန်းအနီးတွင်ဖြစ်သည်။ ထိုအခြေစိုက်စခန်းသည် ကူဝိတ်မြို့တော်၏ အနောက်မြောက်ဘက် ၄၅မိုင်အကွာတွင် တည်ရှိသည်ဟု ဗိုလ်ကြီးရန်ဒါလ်ဘာကမ်က ပြောကြားသည်။

အမေရိကန် စစ်သည် လေးဦးကို ဆေးဝါး ကုသပေးနိုင်ရန် ကူဝိတ်စစ်ဆေးရုံသို့ ပို့ခဲ့ရသည်။ ၎င်းတို့၏ အခြေအနေမှာ တည်ငြိမ်မှု ရှိကြောင်း သိရသည်။ ကျန်ဒဏ်ရာရသူ ၂၁ ဦးကိုမူ စခန်းတွင်ရှိဆေးခန်း၌ပင် ကုသပေးခဲ့ရကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

ယခုအခါ ယာဉ်မောင်းသူကို ကူဝိတ်ရဲများက စစ်ဆေးလျက်ရှိကြောင်း သိရသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

စောင့်ကြပ်

ဖေဖော်ဝါရီ ၁၈ ရက်က ဘာကူဘာမြို့တွင် အီရတ်တို့အား ဖမ်းဆီးခေါ်ဆောင်သွားမည့် ထရပ်ကားတစ်စီးကို စောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရန်နိုင်ငံ ဓာတ်အားပေးစက်အတွက် ကျွမ်းကျင်သူများကို ရုရှားသင်တန်းပေး

မော်စကို ဖေဖော်ဝါရီ ၁၉

အီရန်နိုင်ငံက နျူကလီးယားလက်နက်များထုတ်လုပ်ရန် လိုလားမှုရှိနေခြင်းနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုက စိုးရိမ်နေသော်လည်း အီရန်နိုင်ငံတွင် တည်ဆောက်နေသည့် နျူကလီးယားဓာတ်အားပေးစက်အတွက် ရုရှားနိုင်ငံက ကျွမ်းကျင်သူ ၆၀၀ တို့ကို လေ့ကျင့်သင်တန်းပေးလျက်ရှိကြောင်း အီတာ-တပ်စ်သတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်ဒေါ်လာသန်း ၈၀၀ တန်ဖိုးရှိ ဘူရှိဟာစီမံကိန်းသည် ငြိမ်းချမ်းသည့် ရည်ရွယ်ချက်ဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း၊ ယင်းစီမံကိန်းကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ရုရှားကအခိုင်အမာပြောကြားခဲ့သည်။

အီရန်မှ ကျွမ်းကျင်သူများသည် မော်စကိုမြို့တော်မှ မိုင် ၂၅၀ ခန့်ဝေးသည့် နိုဗိုဗိုရိုနက်ဌာနတွင် သင်တန်းတက်ရောက်လျက်ရှိကြောင်း တပ်စ်သတင်းဌာနက ဖော်ပြသည်။

ရုရှားနိုင်ငံက ယင်းစီမံကိန်းအတွက် လုပ်သား ၇၀၀ ကျော်ကို လာမည့်နှစ်အတွင်း လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။

ဖေဖော်ဝါရီ ၁၆ ရက်က ဟီလာမြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးခဲ့သော အိမ်တစ်အိမ်မှ ပစ္စည်းများကို အီရတ်တစ်ဦးက တွန်းလှည်းဖြင့် သယ်ဆောင်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် ခုခံတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွား ဗုံးကွဲမှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၈

ဘဂ္ဂဒက်၊ ဘာကူဘာနှင့် တောလ်အက်ဖာဒေသများတွင် တနင်္လာနေ့က သီးခြားစီဖြစ်ပွားသော လမ်းဘေးဗုံး ပေါက်ကွဲမှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးသွားသည်။ အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံကို မတ်လကစ၍ ကျူးကျော်တိုက်ခိုက်ခဲ့ချိန်ကတည်းက သေဆုံးခဲ့သည့် တပ်ဖွဲ့ဝင် ဦးရေသည် ၅၄၁ဦး ရှိသွားပြီဖြစ်သည်။

ခြုံခိုတိုက်ခိုက်

ခုခံတိုက်ခိုက်ရေးအုပ်စုတစ်စုမှ လက်နက်ကိုင်များက အမေရိကန်တပ်ဖွဲ့ဝင်များ တင်ဆောင်လာသည့် အငှားကားတစ်စီးကို ဘေဘီလုံနှင့် ဘဂ္ဂဒက်မြို့ကြားအဝေးပြေး လမ်းမပေါ်တွင် ခြုံခိုတိုက်ခိုက်ရာ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားသုံးဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း အမေရိကန်တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အင်တာနက်။

နိုင်ငံတကာသတင်းများ

ဗိုလ်ကျစိုးမိုးရေး ဝါဒီများ၏ ခြိမ်းခြောက်မှုနှင့် အင်အားကြီးနိုင်ငံတို့၏ ဖိနှိပ်ရေးနည်းမျိုးစုံ ခါတာမီဝေဖန်

တီဟီရန် ဖေဖော်ဝါရီ ၁၈

ပါရှန် ပင်လယ်ကွေ့ဒေသရှိ နိုင်ငံများသည် ဗိုလ်ကျစိုးမိုးရေးဝါဒီများ၏ ခြိမ်းခြောက်မှု အန္တရာယ်နှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ ဖိနှိပ်ရေးနည်းမျိုးစုံတို့၏ ဒဏ်ကိုခံနေရကြောင်း အီရန်သမ္မတခါတာမီက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

အီရန်နိုင်ငံတီဟီရန်မြို့တွင် ကျင်းပသည့် ပါရှန်ပင်လယ်ကွေ့ဆိုင်ရာ (၁၄)ကြိမ်မြောက် ညီလာခံသို့ ပေးပို့သော သဝဏ်လွှာတွင် ခါတာမီက အထက်ပါအတိုင်း ဖော်ပြထားခြင်း ဖြစ်သည်။

ဖော်ပြ

အင်အားကြီးနိုင်ငံအချို့က ချမှတ်ကျင့်သုံးသည့် တစ်ဖက်သတ်ဆောင်ရွက်ရေးမူဝါဒများကြောင့် ပါရှန်ပင်လယ်ကွေ့ဒေသသည် လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း အခက်အခဲဆုံး အခြေအနေတစ်ရပ်ကို ဖြတ်သန်းကျော်လွှားခဲ့ရကြောင်း ယင်းသဝဏ်လွှာတွင် ဖော်ပြထားသည်။

ဒေသဆိုင်ရာစစ်ပွဲများနှင့် ပဋိပက္ခဖြစ်ပွားမှုများကြောင့် အပြစ်မဲ့ပြည်သူထောင်ချီ၍ အသက်ဆုံးရှုံးခဲ့ရပြီး ယင်းဒေသရှိ နိုင်ငံအသီးသီးတွင် ပျက်စီးမှုများ အကြီးအကျယ်ပေါ်ပေါက်ခဲ့ကြောင်းခါတာမီ၏ သဝဏ်လွှာတွင် ပါရှိသည်။

ဝင်ရောက်

အီရန်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒသည် ဒေသ၏ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့်တည်ငြိမ်ရေးမူဝါဒအပေါ် အခြေခံပြီး အမေရိကန်နှင့် အပေါင်းပါတပ်များက အီရတ်နိုင်ငံကို ကျူးကျော်ဝင်ရောက်ပြီးသည့်နောက် စစ်ကြောင့်ပျက်စီးနေသည့် အီရတ်နိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် ပါဝင်ဆောင်ရွက်ရန် အီရန်က စိတ်ဝင်တစားရှိကြောင်း သဝဏ်လွှာတွင် ဆက်လက်ဖော်ပြထားသည်။

အီရတ်နိုင်ငံရှိ ပြည်ပတပ်ဖွဲ့များ အနေဖြင့် အီရတ်နိုင်ငံမှ ထွက်ခွာသွားကြပြီး အီရတ်ပြည်သူများ ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်စေရန်နှင့် အီရတ်နိုင်ငံ၏ အရေးကိစ္စများတွင် ဝင်ရောက်ကိုင်တွယ်ဖြေရှင်းနိုင်စေရန် ခါတာမီက တိုက်တွန်းနှိုးဆော်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ထပ်မံသေဆုံး

တာကိုမာ(ဝါရှင်တန်) ဖေဖော်ဝါရီ ၁၇

အီရတ်နိုင်ငံ၌ စစ်သုံးကင်းလှည့်ယာဉ်တစ်စီးသည် လမ်းဘေးတွင် ထောင်ထားသောဗုံး ပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များ နောက်ထပ် အသေအပျောက် ရှိခဲ့သည်။

ထိခိုက်ဒဏ်ရာရ

အခင်းဖြစ်ပွားမှုတွင် အမေရိကန်နိုင်ငံ ဖို့ဒ်လူးဝစ်စခန်းမှ တပ်သားတစ်ဦး သေဆုံးပြီး အခြားတစ်ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း အမေရိကန်တပ်ဖွဲ့မှ ပြောကြားသည်။

အခြားဖြစ်ရပ်တစ်ခုတွင် အမေရိကန်ရဟတ်ယာဉ်မှူးတစ်ဦး၏ အလောင်းကို တွေ့ရှိခဲ့သော အီရတ်အရပ်သားတစ်ဦးအား ဒေါ်လာ ၁၀၀၀ ပေးသည်ကို ၎င်းက ငြင်းပယ်ခဲ့သည်ဆို၏။

ထုတ်ပြန်ကြေညာ

အဆိုပါသေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရသူ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး၏ အမည်များကို ထုတ်ပြန်ကြေညာခြင်း မရှိသေးချေ။

အခင်းဖြစ်ပွားမှုကြောင့် ဒဏ်ရာရသူတပ်ဖွဲ့ဝင်နှစ်ဦးကို ဖူလ်ဒါသို့ ကားဖြင့် ပို့ဆောင်ခဲ့ရာ တစ်ဦးသည် စစ်ဆေးရုံသို့ ပို့ဆောင်စဉ် လေယာဉ်ကွင်း၌ သေဆုံးခဲ့သည်။

အခြားထိခိုက်ဒဏ်ရာရသူ တပ်ဖွဲ့ဝင်တစ်ဦးမှာ ၎င်း၏ လက်မောင်းတွင် ဗုံးဆန်အစအနများကြောင့် ရသည့်ဒဏ်ရာကို ကုသမှုခံယူနေသည်။

အင်တာနက်။

ဘာကူဘာမြို့တွင် ဗုံးကွဲ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဘာကူဘာ ဖေဖော်ဝါရီ ၁၉

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့ မြောက်ဘက် ၇၅ ကီလိုမီတာခန့်အကွာရှိ ဘာကူဘာမြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားလေးဦးဒဏ်ရာရရှိသွားကြောင်း သိရှိရသည်။

အလားတူဘဂ္ဂဒက်မြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှု တစ်ရပ်ဖြစ်ပွားခဲ့ရာ နောက်ထပ် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသွားကြောင်းသိရှိရသည်။ ယင်းကဲ့သို့ တိုက်ခိုက်ခံရမှုကြောင့် လွန်ခဲ့သည့် ၂၀၀၃ ခုနှစ် မတ်လတွင်အမေရိကန်တို့ ကျူးကျော်သိမ်းပိုက်ခဲ့ပြီးကတည်းက အီရတ်နိုင်ငံ သေဆုံးသူအမေရိကန်တပ်ဖွဲ့ဝင် အနည်းဆုံး ၃၇၅ ဦးထိ ရှိသွားပြီဖြစ်ကြောင်း စီအင်န်အင်န် သတင်းဌာနက တင်ပြသွားသည်။

စီအင်န်အင်န်။

အီရတ်နိုင်ငံ၏ ဂျီဒီပီတန်ဖိုး ၁၉၉၁ ခုနှစ်တွင် ၅၆ ရာနှုန်းကျဆင်းခဲ့

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၇

ကူဝိတ်နိုင်ငံအားဝင်ရောက်ကျူးကျော်မှုအတွက် အီရတ်နိုင်ငံအပေါ် ကုလသမဂ္ဂက အရေးယူမှုများ ပြဋ္ဌာန်းခဲ့သည့် ၁၉၉၁ ခုနှစ်တွင် အီရတ်နိုင်ငံ၏ ပြည်တွင်းထွက်ကုန် (ဂျီဒီပီ)သည် ၅၆ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း တရားဝင်ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ သိရသည်။

ရင်ဆိုင်ကြုံတွေ့

အီရတ်ဗဟိုဘဏ်က ၂၆ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် အင်္ဂါနေ့က ထုတ်ပြန်သည့် တရားဝင် အစီရင်ခံစာတွင် ၁၉၉၀ပြည့်လွန်နှစ်များတွင်အီရတ်နိုင်ငံရင်ဆိုင်ကြုံတွေ့ရသည့် စီးပွားရေး အခက်အခဲများကို ဖော်ပြထားသည်။

ကုလသမဂ္ဂ၏ အရေးယူမှုများသည် လွန်ခဲ့သည့်နှစ် မေလအထိ အကျုံးဝင်အာဏာသက်ရောက်ခဲ့သည်။ အီရတ်နိုင်ငံက ကုလသမဂ္ဂ၏ အရေးယူမှုများကို မထီမဲ့မြင် ပြုလာပြီး ရေနံများကို ပိုမို တင်ပို့ရောင်းချကာ ဆီးရီးယားကဲ့သို့သော နိုင်ငံများမှ ကုန်စည်များ ဝင်ရောက်လာသည့်အတွက် ၂၀၀၁ခုနှစ်တွင် အီရတ်နိုင်ငံ၏ စီးပွားရေးသည် ၁၀ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။

အီရတ်ဗဟိုဘဏ်၏ အစီရင်ခံစာ ထုတ်ပြန်ချက်သည် ၂၆ နှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း ဗဟိုဘဏ်၏ စီးပွားရေးပညာရှင်ချုပ် မူဒီယာကာဆမ်က ရိုက်တာသတင်းဌာနနှင့် တွေ့ဆုံ မေးမြန်းခန်းတွင် ပြောကြားသည်။

အီရတ်နိုင်ငံသည် လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း ကုန်သွယ်ရေး လိုငွေပြခဲ့ရာ ၂၀၀၁ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၄၀၉ သန်း ရှိခဲ့သည်။

အင်တာနက်။

ရေနံစိမ်းဈေးနှုန်း သတ်မှတ်ချက်အတိုင်းမရလျှင် ထုတ်လုပ်မှုကို မေလတွင် ဆက်လက်လျှော့ချမည်ဟုဆို

ဂျကာတာ ဖေဖော်ဝါရီ ၁၇

ရေနံတင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့(အိုပက်)သည် ဧပြီလတွင် ရေနံထုတ်လုပ်မှု ပမာဏကို နေ့စဉ် ရေနံစိမ်းစည် တစ်သန်းလျှော့ချရန် ဆုံးဖြတ်ထားသည်။ ထိုသို့ ရေနံထုတ်လုပ်မှုကို လျှော့ချခဲ့သည့်တိုင်အောင် ရေနံစိမ်းဈေးနှုန်း သတ်မှတ်ချက်အတိုင်းမရလျှင် လာမည့်မေလတွင် ထုတ်လုပ်မှုကို ထပ်မံလျှော့ချရန် ဆုံးဖြတ်ရဖွယ်ရှိသည်ဟု အင်ဒိုနီးရှားနိုင်ငံဝန်ကြီးက ပြောကြားခဲ့သည်။

အကယ်၍ ဧပြီလအတွက် သတ်မှတ်ထားသည့် ရေနံထုတ်လုပ်မှု လျှော့ချထားသော အဆင့်သည် လုံလောက်မှုမရှိသေးလျှင် အိုပက်အဖွဲ့အနေဖြင့် ရေနံထုတ်လုပ်မှုကို မေလတွင်ပါ ဆက်လက်လျှော့ချသွားရဖွယ်ရာရှိကြောင်း ပါနိုမိုယူစ်ဂင်တိုရိုက ပြောကြားသည်ဟု အန်တာရာသတင်းဌာနကဆိုသည်။ ၎င်းသည် အင်ဒိုနီးရှားနိုင်ငံ၏ သတ္တုတွင်းနှင့် စွမ်းအင်ဝန်ကြီးဖြစ်သည်။

အိုပက်အဖွဲ့သည် ရေနံဈေးနှုန်းကို တစ်စည်လျှင် ၁၂ မှ ၂၈ ဒေါ်လာ အတွင်း ထိန်းထားလိုသည်။ အခြေအနေက တောင်းဆိုလာလျှင် ရေနံထုတ်လုပ်မှု ထပ်မံလျှော့ချရေးကိစ္စအတွက် အိုပက်အဖွဲ့သည် မေလတွင် အစည်းအဝေး တစ်ရပ် ကျင်းပသွားစရာအကြောင်းရှိသည်ဟု အင်ဒိုနီးရှားဝန်ကြီးက ပြောကြားသည်။ အိုပက်အဖွဲ့သည် ရေနံထုတ်လုပ်မှု စုစုပေါင်းပမာဏကို နေ့စဉ်စည်ပေါင်း ၄ ဒသမ ၂၄၃၅ သန်း သတ်မှတ်ထားသော်လည်းပြီးခဲ့သော လများအတွင်းက ထိုအဖွဲ့၏ ထုတ်လုပ်မှုအစုစုသည် နေ့စဉ်ရေနံစိမ်းစည်ပေါင်း ၂၇ သန်း အထိရှိခဲ့သည်ဟု သိရသည်။

အမ်အင်အေ၊ရိုက်တာ။

ငိုကြွေး

အီရတ်နိုင်ငံ ဟီလာမြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့ရသော နေအိမ်ရှေ့၌ ငိုကြွေးနေသည့် အီရတ်အမျိုးသမီးများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိဗ္ဗာန်ရောက်ကြောင်း တရားပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

သန်လျင်မြို့ မြို့ဟောင်းအလယ်ရပ်ကွက် မဟာမဇ္ဈိမာရုံကျောင်း စာသင်တိုက် ရွှေဥရတနာရွှေကျောင်းတော်တွင် တရားပွဲများ ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၁ရက်နှင့် ၂၂ရက်တွင် ဒေါက်တာ အရှင်ဂမ္ဘီရဗုဒ္ဓိ၊ ဖေဖော်ဝါရီ ၂၄ရက်နှင့် ၂၆ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ ဖေဖော်ဝါရီ ၂၅ရက်တွင် အရှင်ခေမာသိရီလင်္ကာရ (ပိဋကတစ်ပုံခွဲဆောင်) ဆရာတော်တို့က တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။(က-ပ)

ပြိုးခြင်ချွေတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

ပြည်ထောင်စုကြီး၏ တည်ငြိမ်အေးချမ်းမှုအရသာ

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

ရေခဲများဖုံးလွှမ်းလျက်ရှိသည့် မြန်မာနိုင်ငံ၏ မြောက်ဘက်စွန်း တောင်တန်းကြီးများမှ ကွေ့ကာရစ်ကာ ယှက်နွယ်စီးဆင်းလာသည့် မြစ်ချောင်း အသွယ်သွယ်သည် ဧရာဝတီမြစ်ကြီး ဖြစ်လာခဲ့သည်။ ထို့နောက် နိုင်ငံတော်၏ အသက်သွေးကြောကြီးသဖွယ် တောင်ဘက်သမုဒ္ဒရာအစပ် မြစ်ဝကျွန်းပေါ် အထိ ခိုင်မာအင်အား ကောင်းစွာဖြင့် တသွင်သွင် စီးဆင်းလျက်ရှိပေသည်။ ဧရာဝတီမြစ်ကြီးသက်တမ်းကား နှစ်သန်းပေါင်း ၁၅ သန်းရှိခဲ့လေပြီ။

အရှေ့တောင်အာရှဒေသအတွင်း တစ်နှစ်ပတ်လုံး ရေခဲဖုံးလွှမ်းနေသည့် တစ်ခုတည်းသော ခါကာဘိုရာဇီတောင်နှင့် အကြီးဆုံး ကုန်းတွင်းရေအိုင် အင်းတော်ကြီးတို့တည်ရှိရာ ကချင်ပြည်နယ်သည် ဟိမဝန္တာအရှေ့ဖျားဇုန်၊ အာသံ-မြန်မာ အသွင်ကူးပြောင်းဇုန်နှင့် မြန်မာအပူလျော့ပိုင်းဇုန် စသည့် ဇီဝယူနစ်သုံးခုအတွင်း ကျရောက်လျက်ရှိသည်။

ကချင်ပြည်နယ်အတွင်းရှိ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်၊ ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောနှင့် ဖုန်ကန်ရာဇီ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော သုံးခုပေါင်း၍ တစ်ဆက်တစ်စပ်တည်းဖြစ်သော ၁၂၉၇၆စတုရန်းကီလိုမီတာကို မြန်မာ့မြောက်ဖျား ဆက်စပ်တောများ (Myanma Northern Forest Complex) အဖြစ် တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံမြောက်ဖျား မလိခမြစ်ကမ်းမှ ပူတာအို၊ မချမ်းဘော့၊ ရှန်ခကမ်းမှ နောင်မွန်၊ အင်မိုင်ခ မြစ်ကမ်းမှ ခေါင်ဘူဒဲ၊ ဆော့လော်၊ မလိခ၊ အင်မိုင်ခ၊ အင်ဂျန်းယန်၊ ထိုမှ မေခမြစ်နှင့် မလိခမြစ်တို့ ပေါင်းဆုံကြပြီး ဧရာဝတီမြစ်ကြီး စတင်ပေါ်ပေါက်လာသည်။ ဤနေရာသည် မြစ်ကြီးနားမြို့မှ ကုန်းလမ်းမိုင် ၂၈ မိုင်ခန့် ဝေးသည်။

ချစ်ဖွယ်ကောင်းလွန်းလှသော ဤမြစ်နှစ်မြွာ၏ အမည်နာမသည် ကြားရသူတိုင်းကို ရင်ခုန်ကြည်နူးစေပေသည်။

ကချင်ရိုးရာမနော အင်လုံအင်နန်(ကောက်သစ်) ညစာစားပွဲကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် ည ၇ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မလိခရိပ်သာ မြက်ခင်းပြင်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

ကချင်ပြည်နယ်မှ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးနှင့်တကွ မွန်ပြည်သစ်ပါတီ၊ ကယန်းပြည်သစ်ပါတီ၊ ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ၊ ကယားပြည်နယ် လူမျိုးပေါင်းစုံ လွတ်မြောက်ရေးတပ်ဦးတို့မှ တိုင်းရင်းသားခေါင်းဆောင်များ၊ ကရင်၊ မွန်၊ ချင်း၊ ကယား၊ 'ဝ' တိုင်းရင်းသားငြိမ်းချမ်းရေး အကျိုးတော်ဆောင်များ၊ ကချင်ရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ တိုင်းရင်းသား ဧည့်သည်တော်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကချင်တိုင်းရင်းသူများဖြစ်ကြသော ဒေါ်ဇုန်ညော်နှင့် ဒေါ်ဒါ့ရှီခေါန်စင်တို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြပြီး အခမ်းအနား ဖွင့်လှစ်ကြောင်း ကြေညာသည်။

ကချင်ရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက "ပြည်ထောင်စုရဲ့သွေးချင်းများ" အဖွင့်သီချင်းဖြင့် သီဆိုဧည့်ခံသည်။

အင်လုံအင်နန်ပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဆရာတော် ဂရေဂရီနော်ဒင်က ကချင်ရိုးရာ အင်လုံအင်နန်(ကောက်သစ်) ညစာစားပွဲအတွက် ဆုတောင်းပေးပြီး ငြိမ်းဖောင်ဒေးရှင်းဥက္ကဋ္ဌ သိက္ခာတော်ရ ဒေါက်တာ ဆဘွဲဂျမ်ကကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ကချင်ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက "မြန်မာပြည်ကို ချစ်တဲ့သူတွေ" ငြိမ်းချမ်းရေးတေးသီချင်းဖြင့် သီဆိုဂုဏ်ပြုကြသည်။

အဆိုပါ ကချင်ရိုးရာမနော အင်လုံအင်နန်(ကောက်သစ်) ညစာစားပွဲ အခမ်းအနား၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင်-

ယခုလို သာယာချမ်းမြေ့လှသည့် မင်္ဂလာညချမ်းတွင် ကချင်တိုင်းရင်းသူ၊ တိုင်းရင်းသား ညီအစ်ကို မောင်နှမများ အမွန်အမြတ်ထားကျင်းပကြမည့် ရိုးရာကောက်သစ်စားပွဲတော်ကြီးမှာ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ စိတ်ဝမ်းတူညီစွာဖြင့် အတူတကွ ပေါင်းဆုံမိကြသည့်အတွက် မိသားစုဝင်များ ပြန်လည်ဆုံစည်းရသလို စိတ်ကြည်နူး ချမ်းမြေ့မှုကို ရရှိခံစားမိပါသည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

မိမိနှင့်အတူ ယနေ့ဆုံစည်းကြသည့် ပြည်ထောင်စုကြီးအတွင်း ခိုင်ခိုင်မြဲမြဲ ဖြစ်ထွန်းနေသည့် တိုင်းရင်း သားစည်းလုံးညီညွတ်မှုကနေ ပေါက်ဖွားလာသော ငြိမ်းချမ်းသာယာမှုနှင့်တကွ ပြည်ထောင်စုကြီး၏ မိသားစုဘဝ အေးချမ်းမှုအရသာကို နှလုံးသားထဲမှာ ကြည်လင်ချမ်းမြေ့စွာ ခံစားကြရမှာ အမှန်ပင်ဖြစ်ကြောင်း ဟူ၍ မိန့်ကြားခဲ့ပါသည်။

ကချင်ပြည်နယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားပြည်နယ်နှင့် တိုင်းများနည်းတူ လမ်း၊ တံတားများ၊ တက္ကသိုလ်၊ ကောလိပ်၊ ဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများ၊ ဆေးရုံများနှင့် ဆည်မြောင်းတာတမံများကို တည်ဆောက်ပေးလျက်ရှိသည်။ ဗန်းမော်ဒေသတွင်လည်း ဗန်းမော်ဒီဂရီကောလိပ်၊ ဗန်းမော်လေယာဉ်ကွင်းတို့ကို တည်ဆောက်ပေးခဲ့သည့်အပြင် မဟာဗျူဟာလမ်းမကြီးများကိုလည်း တည်ဆောက်ပေးခဲ့သည်။

မိုးညှင်းမြို့နယ် ဟိုပင်မြို့တွင် ၂၀၀၃ ခုနှစ် ဇွန်လက ဟိုပင်တံတားကို ဖွင့်လှစ်ပေးခဲ့သည်။ ဟိုပင်တံတားသည် ရွှေဘို-မြစ်ကြီးနားလမ်းပေါ်တွင် တည်ရှိပြီး တံတားအရှည်မှာ ပေ ၂၀၀ ရှိသည်။ ရွှေဘို-မြစ်ကြီးနား လမ်းပေါ်တွင် ပထမဆုံး တည်ဆောက်ခဲ့သော တံတားဖြစ်သည်။ ကချင်ပြည်နယ်နှင့် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသတို့ကို လွယ်ကူချောမွေ့စွာ သွားလာဆက်သွယ်နိုင်မည့် အရေးပါသောတံတားတစ်စင်းဖြစ်သည်။

မြန်မာပြည်မြောက်ပိုင်းတွင် တည်ရှိပြီး တောတောင်ထူထပ်လှသည့် ကချင်ပြည်နယ်ရှိ ခါကာဘိုရာဇီ တောင်ထွတ်သည် ၁၉၃၁၅ပေ မြင့်သည်။ မြန်မာနိုင်ငံ၏ အမြင့်ဆုံး တောင်ထွတ်ဖြစ်သည်။ ဆောင်းတွင်းအခါ ဆီးနှင်းနှင့် ရေခဲများသည် တောင်စွယ်တောင်ထိပ်များအားလုံးကို ဖုံးလွှမ်းနေတတ်သဖြင့် ပြည်နယ်၏အလှကျက်သရေကို ဆောင်လျက်ရှိသည်။

မေခသည် နောင်မွန်းမြို့နယ်၊ ခေါင်ဘူဒဲမြို့နယ်များကို ဖြတ်သန်း၍လည်းကောင်း၊ မလိခသည် ပူတာအို၊ မချမ်းဘောနှင့် ဆွမ်ပရာဘွမ်မြို့နယ်များကို ဖြတ်သန်း၍လည်းကောင်း မိုင်ပေါင်းများစွာ ယှဉ်ပြိုင်စီးဆင်းလာပြီးနောက် မြစ်ကြီးနားမြို့ အထက်နားတွင် ပေါင်းဆုံကာ ဧရာဝတီမြစ်ကို စတင်ဖြစ်ပေါ်စေသည်။

ကချင်ပြည်နယ်သည် ၃၄၃၇၉ စတုရန်းမိုင် ကျယ်ဝန်းသည်။ မြို့နယ်ပေါင်း ၁၈ မြို့နယ်နှင့် ကျေးရွာအုပ်စု ၆၉၁ အုပ်စုတို့ဖြင့် ဖွဲ့စည်းထားသည်။

မြစ်ကြီးနားမှ တလိမ့်လိမ့် မောင်းထွက်လာသည့် စာရေးသူတို့ကားလေးသည် ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတားကြီးပေါ်တွင် ထိုးရပ်လိုက်သည်။

တံတားကြီးပေါ်မှ ရှုမျှော်လိုက်ရာ ဧရာဝတီမြစ်ရေအလျဉ်က ကျောက်သားကျောက်ခက်များကို ဖြတ်ကျော်၍ တသွင်သွင်စီးဆင်းနေသည်။

မိုးအကုန် ဆောင်းဦးကာလဖြစ်သည်။ ပတ်ဝန်းကျင်တစ်ခွင်တွင် တောင်စွယ်တောင်တန်းများ ဝိုင်းရံလျက်ရှိပြီး စိမ်းလန်းစိုပြည်နေသော သစ်ပင်ကြီးငယ်များ၊ တောရိပ်တောင်ရိပ်များကြောင့် အေးမြလျက်ရှိသည်။ တောင်တန်းများကြားမှ နမ့်မြင်းခချောင်းတွင် အေးစက်နေသော ရေများ တသွင်သွင်စီးဆင်းလျက်ရှိနေသည်။ ထိုသို့ စီးဆင်းလျက်ရှိသော ရေတို့သည် ဝါရှောင်ကျေးရွာနှင့် နီးလာသည်နှင့်အမျှ နှေးကွေး၍လာပြီး ဝါရှောင် ရွာထိပ် မြစ်ကွေ့အရောက်တွင် ရပ်တန့်တည်ငြိမ်သွားတော့သည်။ ယင်းသို့ တည်ငြိမ်သွားခြင်းမှာ အဆိုပါ နမ့်မြင်းခချောင်းပေါ်မှဖြတ်ပြီး တည်ဆောက်ထားသော ဆည်ကြောင့်ဖြစ်ပေသည်။ ယင်းဆည်မှာ ဝါရှောင်ကျေးရွာအနီးတွင် တည်ဆောက်ထားခြင်းဖြစ်၍ ဝါရှောင်ဆည်ဟု အမည်တွင်ခဲ့သည်။

စာရေးသူတို့ ငယ်စဉ်က ရွတ်ဆိုခဲ့ရသည့် တစ်နိုင်ငံလုံးတွင် တည်ရှိခဲ့သော လက်ချိုး၍သာ ရေတွက်၍ ရသည့် ဆည်တမံအမည်စာရင်းပါ ကဗျာလေးကို ပြန်လည်သတိရလိုက်သည်။

"ဝိုင်းမော်ဝါရှောင် ဆည်ငွေတောင်
ဒီမောဆိုးပါမောင်။
ကြက်မောက်တောင်၊ ကျောက်ပန်းတောင်း
မြောက်နဝင်းဆည်က၊ နယ်ပေါက်ခေါင်း
ရေပေးသွင်းတဲ့ ကာဘိုးဆည်
ကျောက်ဆည်နယ်မှာကွယ်
ညောင်ကြပ်ဟာအကြီးဆုံး၊ မြစ်သာနယ်ရေသုံး"။ ။

စာရေးသူငယ်စဉ်က အသုံးလုံးဆရာအဖြစ်နှင့် မြန်မာနိုင်ငံ တစ်နံတစ်လျား သွားရောက်သင်ကြားပေးခဲ့ဖူး၍ မှတ်မိနေခြင်းဖြစ်ပါသည်။ ယခုများတော့ ဆည်မြောင်းတာတမံ ၂၉၄ခု၊ မြစ်ရေတင်စီမံကိန်း ၂၆၅ ခု၊ ပေ ၁၈၀အထက် တံတားကြီးပေါင်း ၁၆၈ စင်းအထိ များစွာ တိုးတက်တည်ရှိနေပါပြီ။

ကချင်ပြည်နယ်အတွင်း မြစ်ကြီးနား-ရွှေဘိုလမ်း၊ ဗန်းမော်-မန်စီ-မိုးမိတ်-မန္တလေးလမ်း၊ မြစ်ကြီးနား-မိုးကောင်း-မန္တလေးလမ်း၊ ဗန်းမော်-မိုးမောက်-မြစ်ကြီးနားလမ်း၊ ဗန်းမော်-ကသာ-တကောင်း-မန္တလေးလမ်း စသည့် လမ်းများကို နိုင်ငံတော်က ဖောက်လုပ်ပေးခဲ့သည်။ အဆိုပါ လမ်းမကြီးများပေါ်တွင် လိုအပ်သည့် နေရာများ၌ တံတားကြီး၊ တံတားငယ်များကိုလည်း တည်ဆောက်ပေးလျက်ရှိသည်။

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်း ဗန်းမော်-မြစ်ကြီးနားလမ်းမပေါ်တွင် ရှိသော အရှည်ပေ ၃၂၀ ရှိသည့် မလိယန်တံတားကို တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။ မလိယန်တံတားသည် သံကူကွန်ကရစ် ဘေလီတံတားဖြစ်ပြီး နိုင်ငံခြားငွေ ၀ ဒသမ ၁၅ သန်းနှင့် ကျပ်သန်းပေါင်း ၇၀ ဒသမ ၃ သန်း အကုန်အကျခံ တည်ဆောက်ပေးထားသည်။

ကချင်ပြည်နယ် တနိုင်းမြို့မှ နန်းယွန်းမြို့သို့ သွားသည့်လမ်းပေါ်တွင် တနိုင်းတံတားတည်ရှိသည်။ တနိုင်းမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည်။ အရှည်ပေ ၉၄၂ ပေရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်ခဲ့သည်။ တံတားအမျိုးအစားမှာ အပေါ်ထည်သံပေါင်နှင့် အောက်ထည် သံကူကွန်ကရစ် အမျိုးအစားဖြစ်သည်။ တံတားအကျယ် ၁၂ ပေ၊ ခွင့်ပြုတန်ချိန် တန် ၃၀ ဖြစ်သည်။ တနိုင်းတံတား တည်ရှိသည့် တနိုင်း-နန်းယွန်း လမ်းအပိုင်းသည် မြစ်ကြီးနား-နမ္မတီ-တနိုင်း-နန်းယွန်း ပြည်ထောင်စုလမ်းမကြီး၏ အစိတ်အပိုင်းဖြစ်သည်။ အိမ်နီးချင်းအိန္ဒိယနိုင်ငံ၏ လီဒိုမြို့အထိ ဆက်စပ်ခရီးပေါက်သည့်အတွက် ဒုတိယကမ္ဘာစစ်ကာလကတည်းက လီဒိုလမ်းမကြီးအဖြစ် ထင်ရှားခဲ့သည်။ ကချင်ပြည်နယ် ကားလမ်း ထွက်ပေါက်သစ်များအဖြစ် မြစ်ကြီးနား-ရွှေဘို-မန္တလေး မဟာဗျူဟာ ကားလမ်းသစ် ဖောက်လုပ်ပြီးဖြစ်သကဲ့သို့ ဗန်းမော် - စီအူး - မဘိန်း - မိုးမိတ် - မိုးကုတ် ကားလမ်းနှင့် ဗန်းမော်-မန်စီ-နန့်ခမ်း ကားလမ်းများကိုလည်း တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ ချီဖွေမြို့နယ် ပန်ဝါဒေသကိုလည်း ဖွံ့ဖြိုးတိုးတက်သော မြို့တစ်မြို့အဖြစ် တည်ဆောက်ပေးထားသည်။

မြောက်ပိုင်းအစွန်းမှ ဧရာဝတီမြစ်ကူးတံတားကြီးကို မြန်မာ တိုင်းရင်းသားသူရဲကောင်း ဗလမင်းထင်၏ အမည်ကိုပေးထားသဖြင့် ထူးခြားလေးနက်၍ နေပါတော့သည်။

ဤတံတားကြီး၏အရှည်မှာ ၂၆၈၈ ပေရှိပြီး တံတား၏ ယာဉ်သွားလမ်းအကျယ် ၂၈ ပေနှင့် လူသွားလမ်းအကျယ် ၆ ပေရှိသည်။ သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်သည်။ ၁၉၉၅ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၈ ခုနှစ်တွင် တံတားကြီးကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အေးချမ်းတည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုအဖုံဖုံကို ကချင်ပြည်နယ်၏ တိုးတက်ဖြစ်ထွန်းမှုများမှတစ်ဆင့် ထင်ဟပ်ကြည့်ရှုနိုင်ပေသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုက ပေါက်ဖွားလာသော ငြိမ်းချမ်းမှုနှင့် ပြည်ထောင်စုကြီး၏ အေးချမ်းသာယာမှုအရသာကို ကချင်ပြည်နယ်၏ တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများက သက်သေပြလျက်ရှိပါတော့သည်။ ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၂-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၁၅** ၄။ နားဝင်ငြိမ့်စီးသီချင်းကြီး
- **၄:၂၀** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၃၀** ၆။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- **၄:၄၀** ၇။ မျိုးချစ်တပ်မတော်
- **၄:၅၀** ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၅:၀၀** ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** ပထမနှစ် (စိတ်ပညာ) Memory (1)
- **၅:၃၀** ၁၀။ ပညာခေတ်
- **၅:၄၅** ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း တစ်ရေးချစ်ခွင့် (အပိုင်း-၉)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သိုင်းမင်းသားလေးနှင့်ရွှေမင်းသမီး (အပိုင်း-၂၉)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေထုတ်ပြန်

❀ **ကိုယ်အင်္ဂါအစိတ်အပိုင်းမှ**

(ဃ) **ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခွင့်ရှိသူ** ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခွင့်ရှိသူအဖြစ် ဤဥပဒေအရ ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်သူကိုဆိုသည်။

(င) **ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခြင်း**ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခွင့်ရှိသူက သတ်မှတ်ချက်များနှင့်အညီ ထုတ်ယူခြင်းကိုဆိုသည်။

(စ) **လက်ခံရေးဌာန** ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းအတွက် လက်ခံသည့်ဌာနကိုဆိုသည်။

(ဆ) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေပုဒ်မ ၄ အရ ဖွဲ့စည်းသော ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ကော်မတီကိုဆိုသည်။

အခန်း (၂)

ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ကိုယ်အင်္ဂါ အစိတ်အပိုင်း အစားထိုး ကုသမှုကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခြင်းဖြင့် ကိုယ်အင်္ဂါ အစိတ်အပိုင်း အစားထိုးကုသမှုခံယူရမည့်သူများ၏ အသက်ကို ကယ်တင်နိုင်ရန်၊

(ခ) ကိုယ်အင်္ဂါအစိတ်အပိုင်း ချွတ်ယွင်း၍ မသန်မစွမ်း ဖြစ်နေသူများအား ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုး ကုသပေးနိုင်ခြင်းဖြင့် ပြန်လည်သန်စွမ်းလာစေရန်၊

(ဂ) ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးကုသရေးလုပ်ငန်းနှင့် သက်ဆိုင်သော သုတေသနလုပ်ငန်းနှင့် ပညာသင်ကြားရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်၊

(ဃ) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူများ တိုးပွားလာစေရေးအတွက် ဆောင်ရွက်နိုင်ရန်၊

(င) ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးကုသရေးတွင် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ပုဂ္ဂိုလ်များ၏ အကူအညီရယူ၍ ပူးပေါင်းဆောင်ရွက်နိုင်ရန်။

အခန်း(၃)

ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ကော်မတီဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည်–

(က) အောက်ပါ ပုဂ္ဂိုလ်များပါဝင်သော ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ကော်မတီကို ဖွဲ့စည်းရမည်–

(၁) ဝန်ကြီး ... ဥက္ကဋ္ဌ
ကျန်းမာရေးဝန်ကြီးဌာန

(၂) သက်ဆိုင်ရာ အစိုးရဌာန ... အဖွဲ့ဝင်
အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ

(၃) သင့်လျော်သောပညာရှင် ... အဖွဲ့ဝင်
ကျွမ်းကျင်သူများ

(၄) ကျန်းမာရေးဝန်ကြီးဌာန ... အတွင်းရေးမှူး
ဝန်ကြီးက တာဝန်ပေးအပ်သူ

(ခ) လိုအပ်လျှင်ကော်မတီတွင် ဒုတိယဥက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်နိုင်သည်။

၅။ အစိုးရဝန်ထမ်းမဟုတ်သော ကော်မတီဝင်သည် ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

အခန်း(၄)

ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာကော်မတီ လုပ်ငန်းတာဝန်များ

၆။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များနှင့်အညီ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ရန် မူဝါဒချမှတ်ခြင်း၊

(ခ) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူများ တိုးပွားလာရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်လမ်းညွှန်ခြင်း၊

(ဂ) ကိုယ်အင်္ဂါအစိတ်အပိုင်းများ အရည်အသွေးစစ်ဆေးခြင်း၊ ထုတ်ယူခြင်း၊ သိုလှောင်ခြင်း၊ ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ စည်းကမ်းတကျဖြစ်စေရန် လမ်းညွှန်ခြင်း၊

(ဃ) ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးကုသရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ယင်းလုပ်ငန်းနှင့် သက်ဆိုင်သော သုတေသနလုပ်ငန်းများနှင့် ပညာသင်ကြားရေးလုပ်ငန်းများကို ဆောင်ရွက်စေရန် လမ်းညွှန်ခြင်း၊

(င) ကိုယ်အင်္ဂါအစိတ်အပိုင်း အစားထိုးခြင်းဆိုင်ရာ ပညာရှင်များ၊ သုတေသနပညာရှင်များ၊ ကျွမ်းကျင်သူများ မွေးထုတ်ရန် စီမံဆောင်ရွက်ခြင်း၊

(စ) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ဆ) ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ပြည်ပသို့တင်ပို့ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်းနှင့် စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဇ) အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် ပုဂ္ဂိုလ်များထံမှ အကူအညီရယူခြင်း၊ အလှူငွေ၊ ပစ္စည်းတို့ကို လက်ခံရယူခြင်း၊ စနစ်တကျထိန်းသိမ်းထားရှိခြင်းနှင့် ခွဲဝေသုံးစွဲခွင့်ပြုခြင်း၊

၇။ ကော်မတီသည် လိုအပ်သောဒေသများတွင် လက်ခံရေးဌာနများ သတ်မှတ်ပေးနိုင်ရန် သက်ဆိုင်ရာဌာနသို့ ညွှန်ကြားနိုင်သည်။

၈။ ကော်မတီသည် ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းပြီး ယင်းတို့၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးနိုင်သည်။

အခန်း(၅)

ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်း

၉။ အသက် ၁၈ နှစ်ပြည့်ပြီးသူသည် မိမိ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းကို လှူဒါန်းနိုင်သည်။

၁၀။ ကျန်ရစ်သူ ဇနီး၊ ခင်ပွန်း၊ သားသမီး၊မိဘ၊ညီအစ်ကို၊ မောင်နှမ သို့မဟုတ် ဆွေမျိုးသားချင်း တစ်ဦးဦးသည် မိသားစုအတွင်း၌ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက သေဆုံးသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းကို လှူဒါန်းနိုင်သည်။

၁၁။ လက်ခံရေးဌာနသည် ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းကို သတ်မှတ်ချက်များနှင့်အညီ လက်ခံနိုင်သည်။

၁၂။ လက်ခံရေးဌာနသည် ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းကို လက်ခံလျှင်–

(က) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူများ မှတ်ပုံတင်စာအုပ်တွင် အမည်စာရင်းရေးသွင်းရမည်။

(ခ) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူကိုဖြစ်စေ၊ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသော ကျန်ရစ်သူ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ၊ညီအစ်ကို၊ မောင်နှမသို့မဟုတ် ဆွေမျိုးသားချင်းကို ဖြစ်စေ အသိအမှတ်ပြုလွှာထုတ်ပေးရမည်။

၁၃။ သေဆုံးသူသည် ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူဖြစ်ကြောင်း သိရှိပါက ထိုသူသေဆုံးသည့် ဆေးရုံ သို့မဟုတ် ဆေးခန်းမှ တာဝန်ရှိသူကလည်းကောင်း၊ နေအိမ်မှ တာဝန်ရှိသူကလည်းကောင်း အနီးဆုံးရှိ လက်ခံရေးဌာနသို့ အမြန်ဆုံး အကြောင်းကြားရမည်။

၁၄။ (က) ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူသည် အသိအမှတ်ပြုလွှာကို ပြန်လည်အပ်နှံကာ မိမိ၏ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာလက်ခံရေးဌာနသို့ အကြောင်းကြားနိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ အကြောင်းကြားလာလျှင် လက်ခံရေးဌာနသည် အဆိုပါ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူ၏အမည်ကို ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူများ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပေးရမည်။

အခန်း(၆)

ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခြင်း

၁၅။ ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်သည့် သက်ဆိုင်ရာပညာရှင် သို့မဟုတ် ကျွမ်းကျင်သူကသာ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ထုတ်ယူခွင့်ရှိသည်။

၁၆။ ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခွင့်ရှိသူသည် အောက်ဖော်ပြပါတစ်ဦးဦး၏ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ထုတ်ယူခွင့်ရှိသည်–

(က) ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူ၊

(ခ) ပိုင်ရှင်မရှိသည့် သေဆုံးသူ၊

(ဂ) ကျန်ရစ်သူ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ၊ ညီအစ်ကို၊ မောင်နှမ သို့မဟုတ် ဆွေမျိုးသားချင်း တစ်ဦးဦးက ပုဒ်မ ၁၀ အရ ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းခံရသည့် သေဆုံးသူ။

၁၇။ မှူခင်းဆရာဝန်သည် မှုခင်းဖြစ်ရပ်တစ်ခုခုတွင် သေဆုံးသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူခွင့်ရှိသူက တောင်းခံလာလျှင် ခွင့်ပြုရမည်။ သို့သော် အောက်ပါ အချက်တစ်ရပ်ရပ် ပေါ်ပေါက်ပါက ခွင့်မပြုရ–

(က) မသေဆုံးမီက မိမိ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းကို လှူဒါန်းရန် ဆန္ဒမရှိကြောင်း စာရေးသားထားခဲ့သူဖြစ်ခြင်း၊

(ခ) ထုတ်ယူမည့် ကိုယ်အင်္ဂါအစိတ်အပိုင်းကို သက်ဆိုင်ရာ မှုခင်းဆရာဝန်က ရင်ခွဲစစ်ဆေးမှု အပြီးသတ် မဆောင်ရွက်ရသေးခြင်း၊

(ဂ) ကျန်ရစ်သူ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ၊ ညီအစ်ကို၊ မောင်နှမ သို့မဟုတ် ဆွေမျိုးသားချင်း တစ်ဦးဦးက ကန့်ကွက်ခြင်း။

၁၈။ ပုဒ်မ ၁၃ အရ အကြောင်းကြားလာသည့်အခါ လက်ခံရေးဌာနသည် ကိုယ်အင်္ဂါအစိတ်အပိုင်းကို သတ်မှတ်သည့် အချိန်ကာလအတွင်း ထုတ်ယူရန် သို့မဟုတ် သယ်ယူရန် စီစဉ်ဆောင်ရွက်ရမည်။

အခန်း(၇)

ကိုယ်အင်္ဂါအစိတ်အပိုင်း သိုလှောင်ခြင်း၊ ထုတ်ပေးခြင်း

၁၉။ လက်ခံရေးဌာနသည် ထုတ်ယူရရှိသော ကိုယ်အင်္ဂါအစိတ်အပိုင်းများကို သတ်မှတ်ချက်များနှင့်အညီ သိုလှောင်ထားရှိရမည်။

၂၀။ လက်ခံရေးဌာနသည် အောက်ပါတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်–

(က) လက်ခံရရှိထားသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို အစားထိုးကုသရန် ထုတ်ပေးခြင်း၊

(ခ) အစားထိုးကုသရေးတွင် အသုံးပြုနိုင်ခြင်းမရှိသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို ပညာသင်ကြားရန်ဖြစ်စေ၊ သုတေသနပြုရန်ဖြစ်စေ ထုတ်ပေးခြင်း။

အခန်း(၈)

ပြစ်မှုနှင့် ပြစ်ဒဏ်

၂၁။ မည်သူမဆို ကိုယ်အင်္ဂါအစိတ်အပိုင်းကို အဖိုးစားနားဖြင့် ရောင်းချခြင်း သို့မဟုတ် ဝယ်ယူခြင်းပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၂၂။ မည်သူမဆို ပုဒ်မ ၂၁ ပါ ပြစ်မှုကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားပေးကူညီကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

အခန်း(၉)

အထွေထွေ

၂၃။ ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ရပ်ဖြစ်သည့် မျက်စိလှူဒါန်းခြင်းဆိုင်ရာ ကိစ္စနှင့်စပ်လျဉ်း၍မူ မျက်စိလှူဒါန်းခြင်းဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၄။ ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သောလုပ်ငန်းကော်မတီများကို ဖွဲ့စည်းနိုင်သည်။

၂၅။ ကျန်းမာရေးဝန်ကြီးဌာနသည်–

(က) ကော်မတီ၏ ကုန်ကျစရိတ်များကို ကျခံရမည်။

(ခ) ကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးရမည်။

၂၆။ ကိုယ်အင်္ဂါ အစိတ်အပိုင်း ထုတ်ယူခွင့်ရှိသူက ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် ထိုသူကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရ။

၂၇။ ပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက်သည် ကော်မတီကသတ်မှတ်သော စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်သည့် ကိစ္စရပ်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်–

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကော်မတီနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ)သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဖေဖော်ဝါရီ ၁၇ရက်က စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ အထည်အလိပ်လုပ်ငန်း ဆားလင်းကြီးချည်မျှင်နှင့် အထည်စက်ရုံ စီမံကိန်းလုပ်ငန်းတွင် ထုတ်လုပ်ရေးစက်များ တပ်ဆင်ရန် စီစဉ်ဆောင်ရွက်နေမှုကို ကြည့်ရှုစဉ်။
(သတင်းစဉ်)

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရှင်းလင်းခန်းမ၌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ဆားလင်းကြီး ချည်မျှင်နှင့် အထည်စက်ရုံ(စီမံကိန်း)၏ တည်နေရာ၊ စက်ရုံ(စီမံကိန်း) တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်၊ ထုတ်လုပ်မှုစက်စွမ်းအား၊ အထည်အလိပ်ကဏ္ဍ တစ်မျိုးသားလုံး လိုအပ်ချက်အပေါ် ဖြည့်ဆည်းပေးနိုင်မှု အခြေအနေ၊ ရွှေတောင်ပလိပ်၊ စစ်ကိုင်းချည်မျှင်နှင့် အထည်စက်ရုံ ချည်မျှင်ရှည်ဝါဂွမ်း လိုအပ်ချက်နှင့် တစ်ပြည်လုံး ဝါစိုက်ပျိုးမှုအခြေအနေ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်ရုံများအတွက် ဝါဂွမ်းလိုအပ်ချက်နှင့် ဝါစိုက်ဧကလိုအပ်ချက်၊ မိမိဌာန အစီအစဉ်ဖြင့် ချည်မျှင်ရှည်ဝါ စိုက်ပျိုးရေး ဆောင်ရွက်မှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် မြန်မာ့အထည်အလိပ် လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က အဓိကတပ်ဆင်မည့် စက်ပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားနှင့် ရေလိုအပ်ချက်နှင့် ဆောင်ရွက်ထားမှု၊ ပစ္စည်းများ သင်္ဘောတင်ပို့ရောက်ရှိမှု အခြေအနေ၊ တည်ဆောက်ရေး လုပ်ငန်းများ

ချည်မျှင်နှင့် အထည်စက်ရုံများကြောင့် ဒေသခံပြည်သူများ လူနေမှုဘဝ မြင့်မား အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းမှုတို့ကို ဖန်တီးပေးနိုင်

❒ **နိုင်ငံတော်မှ** အဆင့်အတန်း တိုးတက်မြင့်မားရေး၊ ဒေသ၏ စီးပွားရေး တိုးတက်ဖြစ်ထွန်းရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို နိုင်ငံတစ်ဝန်းလုံး၌ ဖြန့်ကြက်ဆောင်ရွက်ပေးနေကြောင်း။

ချည်မျှင်နှင့် အထည်စက်ရုံများမှာ ဒေသဖွံ့ဖြိုးတိုးတက်မှု၊ ဒေသခံပြည်သူများ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားမှု၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းမှုတို့ကို ဖန်တီးပေးနိုင်ကြောင်း။

သို့ဖြစ်၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှု လက်တွေ့အကောင်အထည်ဖော် ဖြစ်ထွန်းစေရေးနှင့် ဒေသခံပြည်သူများ အတွက်လည်း အကျိုးကျေးဇူး ဖြစ်ထွန်းစေရအောင် လုပ်ငန်းများ ပြည့်မြောက်အောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်ရန် ပြောကြားသွားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆေးဆိုးပန်းရိုက် အလုပ်ရုံသို့ သွားရောက်ကြပြီး ရက်ကန်းကုန်ကြမ်းများ၊ ပန်းရိုက်အထည်များ၊ ဆေးဆိုးအထည်များနှင့် ရက်ကန်းစက်များ တပ်ဆင်နေမှု စမ်းသပ်လည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး နံနက်ပိုင်းတွင် စက်ရုံမှ ပြန်လည်ထွက်ခွာသွားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မလှိုင်မြို့နယ် ပန်းအိုင်စံပြကျေးရွာမှ တစ်ဆင့်စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ဆားလင်းကြီး ချည်မျှင်နှင့် အထည်စက်ရုံ(စီမံကိန်း) လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဖေဖော်ဝါရီ ၁၇ရက်က စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ဆားလင်းကြီးချည်မျှင်နှင့် အထည်စက်ရုံ စီမံကိန်းလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသည့် China National Constructional & Agricultural Machinery Import & Export Corporation (CAMC) **မှ ပညာရှင်များအား စားသောက်ဖွယ်လက်ဆောင်များ ပေးအပ်စဉ်။**
(သတင်းစဉ်)

များနှင့် ပွင့်ဖြူ၊ ပခုက္ကူ၊ ဆားလင်းကြီး စက်ရုံသုံးရုံတို့မှ ထုတ်လုပ်နိုင်မည့် ပမာဏ၊ အဓိကကုန်ကြမ်းလိုအပ်ချက်၊

ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လုပ်ငန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဖေဖော်ဝါရီ ၁၇ရက်က စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ဆားလင်းကြီး ချည်မျှင်နှင့် အထည်စက်ရုံ (စီမံကိန်း)လုပ်ငန်းခွင်တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ဆားလင်းကြီး ချည်မျှင်နှင့်အထည်စက်ရုံ စီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် နှစ်စဉ် ကျင်းပပူဇော်မြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၁၃၆၅ ခုနှစ်တွင် ၂၅၄၂ ခုနှစ်မြောက် အဖြစ် ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာ ဟုဆိုအပ်သော ပူဇော်ခြင်းအရပ်ရပ်တို့ဖြင့် ပူဇော်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော် မည်ဖြစ်သည်။

ရွှေတိဂုံစေတီတော် ၂၅၄၂ခုနှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးနှင့် ဆွမ်းဆန်တော် လောင်းလှူပွဲအတွက် စေတနာရှင်၊ ကုသိုလ်ရှင်အပေါင်းတို့က ဂေါပကအဖွဲ့နှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဒယ်လီယာဒိုမင်ဂိုအယ်လ်ဘတ်နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖိလစ်ပိုင် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဒယ်လီယာ ဒိုမင်ဂို အယ်လ်ဘတ်နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ရှိ ကုန်းမြင့်သာ ဧယျာသီရိဗိမာန်၌ တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖိလစ်ပိုင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့၌ ရောက်ရှိနေသော ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ဒယ်လီယာဒိုမင်ဂိုအယ်လ်ဘတ်နှင့် အဖွဲ့ဝင်များအား ယနေ့ ညနေ ၄နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးနှင့် အဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး မဒမ်ဖိုဘီအေဂိုမေလည်း တက်ရောက်သည်။ (သတင်းစဉ်)

တွေ့ဆုံနှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ထိုင်းနိုင်ငံ စက်မှုဝန်ကြီး H.E.Mr. Phinij Jarusombut နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

☆ နိုင်ငံတော်မှ

ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည် ထိုင်းနိုင်ငံ စက်မှုဝန်ကြီးနှင့် အဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး Mr. Suphot Dhirakaosal လည်း တက်ရောက်သည်။ (သတင်းစဉ်)

❍ မြန်မာနိုင်ငံမှ

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက အမှာစကားပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သီဂီတင်က မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများနှင့် အခွင့်အလမ်းများစာတမ်းကို ဆွေးနွေးပြီး ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝေဖြိုးက ဖက်စပ်လုပ်ငန်းများနှင့် မြန်မာနှင့် ထိုင်းနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ စာတမ်းကို ဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ ထိုင်းနိုင်ငံ စက်မှုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့ဝင် ၃၇ ဦးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ် ၁၅ဦးတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

များကို သတ်မှတ်စီမံကိန်းနှင့်အညီ ဆောင်ရွက်ရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရေး မှာကြားသည်။

လက်ဆောင်ပေးအပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စီမံကိန်းလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေကြသည့် China National Con-struictional & Agricultural Machinery Import & Export Corporation (CAMC)မှ ပညာရှင်များအား စားသောက်ဖွယ်လက်ဆောင်များ ပေးအပ်သည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပင်မစက်ရုံ အဆောက်အအုံ (ရက်ကန်းဌာန)သို့ ရောက်ရှိကြရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့်စီမံကိန်းဒါရိုက်တာ ဦးချစ်ဆွေတို့က စက်ရုံတွင် ထုတ်လုပ်ရေးစက်များ တပ်ဆင်ရန် စီစဉ်ဆောင်ရွက်နေမှု၊ ကုန်ချောထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်နှင့် ပတ်သက်၍ ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြကြသည်။

ပြန်လည်ထွက်ခွာ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စက်ရုံ၏ ပင်မပုံစံငယ်၊ စက်ရုံတွင် တပ်ဆင်အသုံးပြုမည့် အလိုအလျောက် ယွန်းဖြောင့်ရက်ကန်းနှင့် ကုန်ကြမ်းသိုလှောင်ရုံ၊ ကုန်ချောသိုလှောင်ရုံ၊ စက်ပြင်အလုပ်ရုံနှင့် သင်တန်းခန်းမ တည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုကြပြီး မွန်းလွဲပိုင်းတွင် စက်ရုံမှ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက် ရန်ကုန်တိုင်း တရားသူကြီး ထပ်ဆင့်ရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ရန်ကုန်တိုင်း တရားသူကြီး ဦးအောင်ငွေသည် တရားရုံးချုပ်နှင့် ပြည်နယ်/တိုင်း တရားသူကြီးများ (၂၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီတွင် ဗဟန်းကြားတောရလမ်းရှိ တရားရုံးချုပ် ခမ္မာရုံတွင် ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ထပ်ဆင့်ရှင်းလင်းပွဲကို ရန်ကုန်တိုင်းအတွင်းရှိ တရားရုံးအဆင့်ဆင့်မှ တရားသူ ကြီးအဆင့်အားလုံး တက်ရောက်ပြီး တိုင်းတရားသူကြီး ဦးအောင်ငွေက ဇန်နဝါရီ ၁၇ ရက်က သုနာပြုတက္ကသိုလ်ခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ တရားစီရင်ရေးဆိုင်ရာ လမ်းညွှန်မှာကြားချက်များကိုလည်းကောင်း၊ (၂၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် တရားသူကြီးချုပ်၏ မှာကြားချက်များ၊ ဒုတိယတရားသူကြီးချုပ်များနှင့် တရားရုံးချုပ် တရားသူကြီးများ၏ လုပ်ငန်းဆိုင်ရာ မှာကြားချက်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၏ ဆွေးနွေးမှာကြားချက်များကိုလည်းကောင်း အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။ (က-ပ)

ပျော်ဘွယ်မြို့နယ် ဆားတောင်ကျေးရွာရှိ သိမ်တော်ကြီးစေတီတော် ရွှေထီးတော်တင်မင်္ဂလာနှင့် ဝိပုလမဟာသိမ်တော်ကြီး ရေစက်ချမင်္ဂလာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ပူဇော်ကြည်ညို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ ပျော်ဘွယ်မြို့နယ် ဆားတောင်ကျေးရွာ ဝိပုလကုန်းတော်ပေါ်တွင် ရှင်အရဟံ ရဟန္တာမထေရ်မြတ်တည်ထားတော်မူခဲ့သော သိမ်တော်ကြီးစေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော် ငှက်မြတ်နားတော်နှင့် ထီးတော်ဘုံအဆင့်ဆင့်တို့ကို စေတီတော်အထွတ်သို့ ရထားပျံဖြင့် ပင့်ဆောင်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖေဖော်ဝါရီ ၁၈ရက်က ပျော်ဘွယ်မြို့ ဆားတောင်ကျေးရွာ ဝိပုလကုန်းတော်ပေါ်တွင် ရှင်အရဟံ ရဟန္တာမထေရ်မြတ် တည်ထားတော်မူခဲ့သော သိမ်တော်ကြီးစေတီတော် အထွတ်သို့တက်ရောက်၍ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို တင်လှူပူဇော်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၁၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ၁၈ရက် နံနက်ပိုင်းက တပ်မတော် ရဟတ်ယာဉ်များဖြင့် မန္တလေးမြို့မှထွက်ခွာကြရာ မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ဆားတောင်ကျေးရွာသို့ရောက်ရှိကြရာ မိတ္ထီလာတပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် ဗိုလ်မှူးချုပ်လှမြင့်၊ စစ်ဘက်နယ်ဘက်မှ အရာရှိများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ဆားတောင်ကျေးရွာ ဝိပုလကုန်းတော်ပေါ်တွင် ရှင်အရဟံ ရဟန္တာမထေရ်မြတ် တည်ထားတော်မူခဲ့သော သိမ်တော်ကြီးစေတီတော်နှင့် ဝိပုလမဟာသိမ်တော်ကြီးတို့ကို ဘက်စုံမွမ်းမံ၍ ရွှေထီးတော်တင် ဗုဒ္ဓပူဇနိယ မင်္ဂလာ အနေကဇာတင်ခြင်းနှင့် ဝိပုလမဟာသိမ်တော်ကြီး(ခ) ရှင်အရဟံ သိမ်တော် ရေစက်ချ မဟာမင်္ဂလာ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ရက် နံနက် ၈နာရီတွင် အဆိုပါ စေတီတော်၌ ကျင်းပသည်။

မဟာမင်္ဂလာအခမ်းအနားသို့ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ကမ္ဘာ့ရွှေရင်အေး ဆရာတော် ဘဒ္ဒန္တ ဝိစ္ဆာဗလ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးဝတ်အဖွဲ့များ၊ အလှူရှင်များ၊ ဒေသခံပြည်သူများနှင့် ဘုရားဖူးများ တက်ရောက်ပူဇော်ကြည်ညိုကြသည်။

မဟာမင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ငါးပါးသီလခံယူ

ထို့နောက် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ကမ္ဘာ့ရွှေရင်အေးဆရာတော် ဘဒ္ဒန္တ ဝိစ္ဆာဗလထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ ပျော်ဘွယ်မြို့နယ် ဆားတောင်ကျေးရွာ ဝိပုလကုန်းတော်ပေါ်တွင် ရှင်အရဟံ ရဟန္တာမထေရ်မြတ် တည်ထားတော်မူခဲ့သော သိမ်တော်ကြီးစေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်ဘုံအဆင့်ဆင့်နှင့် အရံစေတီတော်ထီးတော်များကို စေတီတော်အား လှည့်လည်၍ ပင့်ဆောင်အပူဇော်ခံစဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့က စေတီတော်အား ရည်မှန်း၍ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကိုလည်းကောင်း၊ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ကမ္ဘာ့ရွှေရင်အေးဆရာတော် ဘဒ္ဒန္တ ဝိစ္ဆာဗလအား ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဝန်ကြီးများနှင့် အလှူရှင်များက ဆရာတော်သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် သိမ်တော်ကြီးဘုရားနှင့် ဝိပုလသိမ်တော်ကြီးအတွက် ချမ်းမြေ့တော်ဝင်ကုမ္ပဏီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးမောင်ကိုနှင့် ဇနီးတို့က ငွေပဒေသာပင် အလှူငွေကျပ်သိန်း၂၀ ကို ပေးအပ်လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက လက်ခံသည်။

ဆက်လက်၍ ကမ္ဘာ့ရွှေရင်အေး ဆရာတော် ဘဒ္ဒန္တဝိစ္ဆာဗလက အနုမောဒနာတရား ဟောကြားတော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် စေတီတော်အား ရွှေထီးတော်တင်လှူပူဇော်ခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ သာသနာ့အလံကိုင်အဖွဲ့ ဦးဆောင်၍ ဒေဝါဝင်း၊ ရာဇာဝင်းခင်းပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက စိန်ဖူးတော်၊ငှက်မြတ်နားတော် ထီးတော်ဘုံဆင့်များနှင့် အရံစေတီတော်ထီးတော်များကို မင်္ဂလာမဏ္ဍပ်မှ ပင့်ဆောင်ပြီး စေတီတော်အား လှည့်လည်၍ အပူဇော်ခံသည်။

ပင့်ဆောင်

အစီအစဉ်အရ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များသည် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်ဘုံဆင့်များကို တီကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့၏ ရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်ကြပြီး ဆက်လက်၍ စေတီတော်တွင် တင်လှူပူဇော်မည့် ရွှေထီးတော် ဘုံအဆင့်ဆင့်နှင့် ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို ရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။

ထိုအချိန်တွင် မန္တလေးသိန်းဇော်နှင့် အဆိုကျော်များက အောင်မင်္ဂလာစည်တော်အဖွဲ့နှင့် တွဲဖက်၍ မင်္ဂလာရတုပိုဒ်စုံဖြင့် သီဆိုပူဇော်သည်။

ယင်းနောက် ဥပါသကာများက စေတီတော်အား ရွှေထီးတော်ဘုံဆင့်များကို တင်လှူပူဇော်ကြသည်။

မင်္ဂလာအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စေတီတော် ငြမ်းအထက်သို့ တက်ရောက်ပြီး သိမ်တော်ကြီးစေတီတော်အား စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို တင်လှူပူဇော်သည်။ ယင်းနောက်

စာမျက်နှာ ၁၁ ကော်လံ ၁သို့



ဆရာတော် သံဃာတော်တို့က သိမ်တော်ကြီးစေတီတော်အား ဖေဖော်ဝါရီ ၁၈ ရက်က ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြစဉ်။ (သတင်းစဉ်)

❒ စာမျက်နှာ ၁၀ မှ

ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်း၍ ရေချိုးတော်ဖွင့်ပူဇော်သည်။

တင်လှူပူဇော်

ထိုအချိန်တွင် အလှူရှင်များက အရံစေတီများကို ထီးတော်တင်လှူပူဇော်ကြသည်။

ထို့နောက် သီရိသုဓမ္မမဏိဇောတ ဓရ တ်ကြား ဦးသန်းလှက အမျှပေးဝေသည်။

ယင်းနောက် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ အကြံပေး အရာရှိ ဦးမင်းကြည်က နတ်ပို့ဂါထာကိုရွတ်ဆိုပြီး မဟာမင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မဟာမင်္ဂလာ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုးရွာသွန်းသည်။

ဖူးမြော်ကြည်ညို

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ဝိပုလမဟာသိမ်တော်ကြီးသို့သွားရောက်၍ သိမ်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့သည် စေတီတော် ရင်ပြင်တော်ပေါ်ရှိ ဝိပုလမဟာသိမ်တော်ကြီး၏ ကြေးကမ္ဗည်း အောင်တံခွန်တိုင်၊ အောင်မော်ကွန်းကမ္ဗည်း ကျောက်စာနှင့် မင်္ဂလာခေါင်းလောင်းတော်တို့ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့သည် မင်္ဂလာခေါင်းလောင်းတော်ကိုထိုး၍ လှူဒါန်းမှုအစုစုတို့အတွက် အမျှပေးဝေကြသည်။

ထို့နောက် ဆရာတော် သံဃာတော်တို့က သိမ်တော်ကြီးစေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် မင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူလာကြကုန်သော ဆရာတော် သံဃာတော်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ပျော်ဘွယ်မြို့နယ် သာယာကုန်းကျေးရွာ ရတနာမာရ်အောင်တောရ မဟာသီရိမင်္ဂလာစကြာတိုက်ကျောင်းသို့ သွားရောက်၍ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ကမ္ဘာ့ရွှေရင်အေး ဆရာတော် ဘဒ္ဒန္တ ဝိစ္ဆာဗလအား ပူဇော်ကန်တော့ကြသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ ဖေဖော်ဝါရီ ၁၈ ရက်က ပျော်ဘွယ်မြို့နယ် သာယာကုန်းကျေးရွာ ရတနာမာရ်အောင်တောရ မဟာသီရိမင်္ဂလာစကြာတိုက်ကျောင်းတွင် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ကမ္ဘာ့ရွှေရင်အေးဆရာတော် ဘဒ္ဒန္တ ဝိစ္ဆာဗလအား ပူဇော်ကန်တော့ကြစဉ်။ (သတင်းစဉ်)

အိန္ဒိယထုတ်ကုန် ကုန်စည်ပြပွဲ ဖွင့်ပွဲကျင်းပ ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံ တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ခိုင်မာတောင့်တင်းရေး အစီအစဉ်အဖြစ် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးနှင့် အိန္ဒိယသမ္မတနိုင်ငံမှ Confederation of Indian Industry **တို့၏ပူးပေါင်းစီစဉ်မှု၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကူညီပံ့ပိုးမှုတို့ဖြင့် ခင်းကျင်းပြသသည့်** Made in India Show **ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာနအဆောက်အအုံ၌ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ကုန်စည်ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။**

ဖွင့်ပွဲအခမ်းအနားသို့ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်း ကုမ္ပဏီလီမိတက်များမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲ အခမ်းအနားတွင် အိန္ဒိယသမ္မတနိုင်ငံ Confederation of Indian Industry မှ ဥက္ကဋ္ဌဟောင်းဖြစ်သူ NICCO Corp ; Ltd Chairman & Managing Director, Mr. Rajive Kaul က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Rajiv Kumar Bhatia က အမှာစကားပြောကြားသည်။

ဆက်လက်၍ အိန္ဒိယသမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန Industrial Pdicy & Promotion ဌာန Secretary, Mr. Lakshmi Chand က ကုန်စည်ပြပွဲ ခင်းကျင်းပြသမှုနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားသည်။

အဖွင့်အမှာစကား

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ကုန်စည်ပြပွဲ အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် အိန္ဒိယသမ္မတနိုင်ငံ Confederation of Indian Industry (CCI) National Committee မှ Chairman, Mr. Dipankar Chatterji က ကျေးဇူးတင်စကားပြောကြားပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီးနှင့် CCI မှ တာဝန်ရှိသူများက မြန်မာ-အိန္ဒိယ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မှတ်တမ်းစာအုပ်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံထံ ပေးအပ်ကြသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Rajiv Kumar Bhatia တို့က Made in India Show ကုန်စည်ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ခင်းကျင်းပြသ

အဆိုပါ Made in India Show ကုန်စည်ပြပွဲတွင် အိန္ဒိယနိုင်ငံမှ ကုမ္ပဏီ ၁၇ခုတို့က သံနှင့် သံမဏိပစ္စည်းများ၊ စက်မှုထုတ်ကုန်ပစ္စည်းများ၊ ဆေးနှင့် ဆေးပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ၊ ရက်ကန်းနှင့် သားရေပစ္စည်းများ၊ ကျန်းမာရေး ဝန်ဆောင်မှုပစ္စည်းများ၊ စိုက်ပျိုးရေးသုံးပစ္စည်းများ၊ ဆေးရုံသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများကို ခင်းကျင်းပြသထားပြီး U E Trade Corporation (India) Pte. Ltd မှ ပြခန်းလေးခန်းဖွင့်လှစ်၍ စီးပွားရေးလုပ်ငန်းစီမံချက်များ၊ သစ်၊ ရော်ဘာနှင့် သံမဏိ၊ ပဲနှင့် ကောက်ပဲသီးနှံပြကွက်တို့ကို ပြသထားသည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် Made in India Show ကုန်စည်ပြပွဲ၌ ခင်းကျင်းပြသထားသည့် ပြခန်းများကို လိုက်လံကြည့်ရှုကြသည်။

လေ့လာဝယ်ယူနိုင်

Made in India Show ကုန်စည်ပြပွဲကို ဖေဖော်ဝါရီ ၂၂ရက်အထိ နေ့စဉ်ပြသထားမည်ဖြစ်ပြီး အိန္ဒိယသမ္မတနိုင်ငံမှ ကုမ္ပဏီအသီးသီး၏ ထုတ်ကုန်ပစ္စည်းများကို မြန်မာနိုင်ငံ ဈေးကွက်အတွင်းသို့ မိတ်ဆက်ရောင်းချမည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုလေ့လာဝယ်ယူနိုင်သည်။ (သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr.Rajiv Kumar Bhatia တို့က Made in India Show ကုန်စည်ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ဆလုံတိုင်းရင်းသား ရိုးရာပွဲတော်မှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ဆလုံတိုင်းရင်းသား ရိုးရာပွဲတော် ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူသည် ယနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ နန်းသီတာ ဆိပ်ကမ်း၌ ဆလုံတိုင်းရင်းသားရိုးရာ ပွဲတော်သို့ သွားရောက်ကြည့်ရှု လေ့လာခဲ့ပြီး ချင်းတွင်းသင်္ဘောနှင့် သံလွင်သင်္ဘောတို့ဖြင့် ပြန်လည်လိုက်ပါလာကြသည့် ခရီးသည် ၄၂၀ ကျော်တို့အား သွားရောက်ကြိုဆိုနှုတ်ဆက်သည်။ (သတင်းစဉ်)

◇ နွှေစပါးမှ

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်၊ ဖျာပုံခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဧရာဝတီတိုင်းနှင့် ဖျာပုံခရိုင်တို့၏ ၂၀၀၂-၂၀၀၃ ခုနှစ်တွင် စီးပွားရေးစီမံကိန်းလျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ၊ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် အကောင်အထည်ဖော်ပြီး အခြေအနေနှင့် လာမည့်နှစ်တွင်တိုးချဲ့ဆောင်ရွက်ရန် လျာထားချက်နှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြားရာတွင် ဧရာဝတီတိုင်းသည် နွှေစပါးကို သတ်မှတ်လျာထားချက် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်စေရန်နှင့် ဆီထွက်သီးနှံသုံးမျိုးကိုလည်း တိုးချဲ့စိုက်ပျိုးရန်လိုကြောင်း၊ အိမ်တိုင်း၌ သစ်ဆိမ့်ပင်နှင့် နေအိမ်ခြံဝင်းအတွင်းရှိ သစ်ပင်များတွင် မိရိုးဖလာ တွယ်ကပ်စိုက်ပျိုးနည်းဖြင့် ငရုတ်ကောင်းပင်များ စိုက်ပျိုးရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးဒေါက်တာမြင့်မြင့်သိန်း၊ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် သူနာပြု ဆရာမများက ကြိုဆိုကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ကျန်းမာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ရန်ကုန်မြို့မှ ရောက်ရှိနေသော မျက်စိအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာကံညွှန့်နှင့် အဖွဲ့ဝင်များ၏ မျက်စိစမ်းသပ် ခွဲစိတ်ကုသမှုကို အားပေးကြည့်ရှုပြီး ဖျာပုံမြို့ စက္ခုဒါနအသင်း၏ ကူညီပံ့ပိုးမှုဖြင့် ကုသမှု ခံယူနေကြသည့် မျက်စိဝေဒနာရှင် ၁၅၀ကို အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရေယာဉ်ဖြင့် ဖျာပုံမြို့ တစ်ဖက်ကမ်း ဒေးဒရဲမြို့နယ် ဘဏ်ကျွန်းစု ကျေးရွာတွင် တည်ဆောက်ထားသော Y.Q.L. PPN Co., Ltd ၏ ဖျာပုံ အအေးခန်းစက်ရုံသို့ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့ တစ်ဖက်ကမ်း ဒေးဒရဲမြို့နယ် အုန်းပင်ဆိပ်သို့ ရောက်ရှိကြပြီး ဒေးဒရဲ-ဖျာပုံ ကားလမ်းမြေသားတာဘောင်မြှင့်တင်ခြင်း လုပ်ငန်းခွင်သို့ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဒေးဒရဲမြို့နယ် တည်ပင်ကုန်းကျေးရွာရှိ ဟံသာဝတီခေတ်တွင် ထုလုပ်သော ပုဂံခေတ် ပုံတော်ပေါ်တော်မူရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော် ကိန်းဝပ်စံပယ်လျက်ရှိသည့် ယာယီအပူဇော်ခံမဏ္ဍပ်သို့ ရောက်ရှိပြီး ပေါ်တော်မူရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဒေးဒရဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသည့် ကရဝိက်ခန်းမ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ကရဝိက်ခန်းမ ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ပြီး ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒေးဒရဲမြို့နယ် တော်ကမယ်လမ်းဘေး သဲကုန်းစခန်းရှိ လယ်သမားကြီးဦးမောင်လွင်၏ လယ်မြေ ၁၅ဒသမ ၄၃ဧကတွင် စိုက်ပျိုးထားသော သီးထပ်ရင်နွှေစပါးများအား စုပေါင်း ဓာတ်မြေသြဇာကြဲပက်ပွဲသို့ ရောက်ရှိပြီး ကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဧရာဝတီတိုင်း ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ဘဝသစ်ကျေးရွာရှိ ငရုတ်ကောင်းစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးအောင်သောင်းအား ထိုင်းစက်မှုဝန်ကြီးတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းအား ထိုင်းနိုင်ငံ စက်မှုဝန်ကြီး H. E. Mr. Phinij Jarusombut ဦးဆောင်သော ကိုယ်စားလှယ် ၁၀ဦးပါ အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၁ နာရီမိနစ် ၂၀ တွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနရှိ ဝန်ကြီး၏ညှိနှိုင်းခန်းသို့ လာရောက်တွေ့ဆုံ၍ ထိုင်း-မြန်မာစက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(ဓါတ်ပုံ)**

အခမ်းအနားသို့ ဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်သိန်းထွန်းနှင့် ဗိုလ်မှူးချုပ်ကျော်ဝင်း၊ ဦးစီးဌာနလုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး ရွှေတိဂုံစေတီတော်ဖူးမြော် မြန်မာ့ကျောက်မျက်ရတနာပြတိုက် ကြည့်ရှုလေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၏ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင်တရားဝင်ခရီးလည်ပတ်ရန် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ်ဒယ်လီယာ ဒိုမင်ဂိုအယ်လ်ဘတ်နှင့် အဖွဲ့ဝင်များသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံအမတ်ကြီး မဒမ်ဖိုဘီအေဂိုမေနှင့် သံရုံးဝန်ထမ်းများ လိုက်ပါလျက်ယနေ့နံနက်၈နာရီ ၃၅မိနစ်တွင် လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော် ကြည်ညိုကြရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက်ဧည့်သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုကြရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက စေတီတော်မြတ်ကြီး၏သမိုင်းနှင့် စေတီတော်မြတ်ကြီးအကြောင်း သိကောင်းစရာ ကြည်ညိုဖွယ်ရာအဖြာဖြာများကို လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ စေတီတော်ရင်ပြင် စနေထောင့်ရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဧည့်သည်တော် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ်ဒယ်လီယာဒိုမင်ဂို အယ်လ်ဘတ်နှင့်အဖွဲ့ဝင်များသည် စေတီတော်အနောက်ဘက်အာရုံခံတန်ဆောင်း၌ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ဆီမီး၊နံ့သာများဆက်ကပ်လှူဒါန်း၍ စေတီတော်ဧည့်သည်တော်မှတ်တမ်းစာအုပ်၌လက်မှတ်ရေးထိုးပြီး အလှူငွေများပေးအပ်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက လက်ခံ၍ ရွှေတိဂုံစေတီတော်ပုံတော်ကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဧည့်သည်တော် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးသည် ရွှေတိဂုံစေတီတော် ရာဟုထောင့်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရေသပ္ပါယ်ပြီး စေတီတော်မြတ်ကြီးအား ရင်ပြင်တော်အောင်မြေမှ ဖူးမြော်ကြည်ညိုသည်။

ဆက်လက်၍ တနင်္ဂနွေထောင့်ရှိ သာယာဝတီမင်းခေါင်းလောင်းတော်ကြီးအား ကြည့်ရှုလေ့လာကြပြီး ၁၈၇၁ခုနှစ်တွင် မင်းတုန်းမင်းကြီးတင်လှူခဲ့သော မူလထီးတော်ဟောင်းကြီးကို ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဒယ်လီယာဒိုမင်ဂို အယ်လ်ဘတ်နှင့်အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဒုတိယညွှန်ကြားရေးမှူး (ကျောက်မျက်) ဦးစန်းလွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဧည့်သည်တော် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ဝင်များအား မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်အတွင်း ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာများကို တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

(သတင်းစဉ်)

လှမ်းခို့တူပြိုင်

(၁)

လူဦးရေ ၅၃ သန်း
စပါးတင်းသန်း ၁၀၀၀ ကျော်။
စိုက်ဧက သန်း ၂၀ ဖော်
အသင့်နော် ကျန်ရှိသေး။
သန်း ၅၀ နောက်ထပ်မွေး
အမိမြေဝအောင်ကျွေး
ကောင်းတဲ့ရှေ့ရေး။

(၂)

ဆည်တမံ ၂၀၀ နီးပါး
၂၆၅ မြစ်ရေတင်။
မြစ်ချောင်းများ တသွင်သွင်
စက်တပ်ဆင်တရစပ်။
၄၀၀၀၀ ကျော်မဂ္ဂါဝပ်
ထပ်ဆောင်းမည့် လျှပ်စစ်ဓာတ်
လင်းလက်အနာဂတ်။

(၃)

လမ်းမိုင်ပေါင်း ၁၀၀၀၀ ကျော်ခင်း
တံတားကြီးအစင်း ၂၀၀
ပြည့်ဖို့ရာ ထိုခရီး
အနီးကလေးသာ။
နယ်စပ်ကို လာချင်လာ
ကျေးရွာကို သွားချင်သွား။
ပြည်ထောင်စုလမ်းတံတား
ကွန်ရက်နှယ် ဆက်သွယ်ထား
နိုင်ငံ့အင်အား။

(၄)

ဒေသကြီး ၂၄ ခု
ဖွံ့ဖြိုးမှုအဖုံဖုံ
တက္ကသိုလ် ၁၅၄ နဲ့
၇၇၄ ဆေးရုံ။
စက်မှုဇုန် ၁၉ ဇုန်
သွင်းကုန်တွေအစားထိုး။
လူ့စွမ်းအား ထပ်ဆင့်ပိုး
စက်မှုခေတ် ရှေ့လှမ်းတိုး
နိုင်ငံ့အကျိုး။

(၅)

၁၀ နှစ်ကျော်ကာလအတွင်း
ပြည်တွင်းအားဖိတ်ခေါ်။
အခြေခံအဆောက်အအုံများ
အထင်အရှားပုံဖော်။
ပြည်ထောင်စုနိုင်ငံတော်
ထွန်းပေါ်မယ့်အနာဂတ်။
ရှေ့လမ်းစဉ်(၇)ရပ်
မူဝါဒအတူချမှတ်
လှမ်းစို့ထက်ကြပ်။ ။

သီဟအောင်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကော့သောင်းဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

တနင်္သာရီတိုင်း ကော့သောင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၈ နာရီတွင် ကော့သောင်းမြို့နှင့် ပုလုံးတုံတုံးကျေးရွာတို့ကို ဆက်သွယ်တည်ဆောက်နေသည့် ပုလုံးတုံတုံး သစ်သားတံတားသို့ ရောက်ရှိကြပြီး တည်ဆောက်ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ယာယီရှင်းလင်းဆောင်၌ ကော့သောင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်စိုးက တံတားချဉ်းကပ်လမ်း မြေဖို့လုပ်ငန်း၊ ကော့သောင်းမြို့ဘက်ခြမ်းနှင့် ပုလုံးတုံတုံးကျေးရွာဘက်ခြမ်း တံတားတည်ဆောက်မှု လုပ်ငန်းအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြမည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက တံတားကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ ရေရှည်ခိုင်ခံ့ရေးနှင့် ဒေသထွက်သစ်များဖြင့် အသုံးပြုတည်ဆောက်ရေးတို့ကို မှာကြားသည်။

အဆိုပါပုလုံးတုံတုံးသစ်သားတံတားသည် ချဉ်းကပ်မြေသားလမ်း အပါအဝင် အရှည်ပေ ၅၇၀၀ ရှိပြီး တံတားတည်ဆောက်ပြီးစီးပါက ပုလုံးတုံတုံးကျေးရွာ နေပြည်သူများသည် ယခင်ရေလမ်းကြောင်းဖြင့် ခက်ခဲစွာ သွားလာနေရာမှ ကုန်းလမ်းဖြင့် ကော့သောင်းမြို့သို့ အချိန်တိုအတွင်း လွယ်ကူစွာ သွားလာနိုင်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့သည် ကော့သောင်းမြို့ ခုတင် ၂၀၀ ဆံ့ဆေးရုံသစ်တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ဆေးရုံခန်းမ၌ ဆောက်လုပ်ရေးတာဝန်ခံက ဆေးရုံတည်ဆောက် ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ဆေးရုံသုံးလူနာခုတင် ၁၀၆ လုံး၊ ခွဲစိတ်ပြီးလူနာ ခုတင်ခြောက်လုံး၊ ကလေးခုတင် ၄၀၊ မွေးခုတင်သုံးလုံးနှင့် လေအေးပေးစက် ၁၅လုံး စုဆောင်းရရှိမှု၊ ဆေးရုံပတ်လမ်းနှင့် ဆက်စပ်လမ်းများ ကတ္တရာခင်းထားမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ဆေးရုံအဆောက်အအုံများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်အမီ ပြီးစီးရေးနှင့် လုပ်ငန်းသုံးပစ္စည်းများ အလေအလွင့်မရှိစေရေးတို့ကို မှာကြားပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့သည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကော့သောင်းမြို့ အော်တိုအိတ်ချိန်းသို့ရောက်ရှိကြရာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်က အော်တိုတယ်လီဖုန်းများ တိုးချဲ့တပ်ဆင်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လိုအပ်သည်များကိုမှာကြားပြီး Exchange Room နှင့် Operator Room တို့ကို ကြည့်ရှုသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့သည် ကော့သောင်းမြို့ ပွိုင့်သုံးလုံးတောင်ရှုခင်းသာမှ မြို့ရှုခင်းကို ကြည့်ရှုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့သည် ကော့သောင်းဆိပ်ကမ်း၊ ဘုရင့်နောင်တံတားနှင့် မြို့မတံတားအကြား မြေထိန်းနံရံ တည်ဆောက်ထားမှုနှင့် ဆိပ်ကမ်းသာယာလှပရေး ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ကြိုဆိုရေးဆိုင်းဘုတ်နှင့် ကော့သောင်းမြို့ မြေပုံတို့ကို ဆိပ်ကမ်းနှင့် ပန်းတင့်စေရန် မွမ်းမံဆောင်ရွက်ရေးနှင့် ဆိပ်ကမ်းသာယာလှပရေးတို့အတွက် တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့သည် ကမ်းနီးငါးလုပ်ငန်းရှင်များ ငါးဒိုင်သို့ ရောက်ရှိကြပြီးငါး၊ ပုစွန်ရောင်းဝယ်ဖောက်ကားမှု အခြေအနေများကို ကြည့်ရှုကြကာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အခွန်အကောက်များ မှန်ကန်စွာရရှိရေးနှင့် ငါးဖမ်းစက်လှေများ ဆိပ်ကမ်းအဝင်၊ အထွက်လွယ်ကူစေရန် ဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ကြိုဆို

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင် ဆလုံတိုင်းရင်းသားရိုးရာ ပွဲတော်ကျင်းပမည့် ကော့သောင်းမြို့နယ် ဗိုလ်ချိုကျွန်းရှိ မကြိုဂလက်ကျေးရွာသို့ အမြန်ရေယာဉ်ဖြင့် ရောက်ရှိကြရာ ဆလုံတိုင်းရင်းသားရိုးရာပွဲတော် ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် အေးမြင့်ကြူနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဆလုံတိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုကြသည်။

တွေ့ဆုံနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့သည်ဆလုံတိုင်းရင်းသားရိုးရာပွဲတော် ကျင်းပရန် စီစဉ်ထားရှိသည်များကို လှည့်လည်ကြည့်ရှုကြပြီး ဆလုံတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် ပွဲတော်လာ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့သည် မကြိုဂလက်ကျေးရွာမှ ဝါးကျွန်းကျေးရွာသို့ ရောက်ရှိကြပြီး ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို ကော့သောင်းမြို့ ခုတင်၂၀၀ဆံ့ ဆေးရုံသစ် တည်ဆောက်ရေးလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ခုနစ်ရက်သတင်းဂျာနယ် အတွဲ(၂)၊ အမှတ်(၄၈) ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

အထပ်မြင့် အဆောက်အအုံကြီးကြပ်စစ်ဆေးရေးအဖွဲ့က စစ်ဆေးအတည်ပြုပြီးမှသာ တည်ဆောက်ခွင့်များ ထုတ်ပေးမည်။ ရန်ကုန်တွင်အထပ်မြင့် အဆောက်အအုံများကို စစ်ဆေးမှုများစတင်၊ ထိုင်းနိုင်ငံက စက်ရုံများ မြဝတီသို့ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေး မြန်မာနှင့် ထိုင်းကုန်သည်ကြီးများ ဆွေးနွေးခဲ့၊ ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်း စူးစမ်းလေ့လာရေး အိန္ဒိယအစိုးရက ရန်ပုံငွေမတည်ရန် ကမ်းလှမ်းခဲ့၊ ယခုနှစ် နွေရာသီပုံမှန်သာပူမည်စသည့် ပြည်တွင်းသတင်း ဝေဝေဆာဆာဖြင့် ထွက်ရှိလာသည်။ **(အပေါ်ပုံ)**

လူသားပုံတူမျိုးပွား သန္ဓေသားမှ ပင်ရိုးကလပ်စည်း ထုတ်ယူနိုင်ပြီ၊ အယ်လ်ကေးဒါးလက်ရာဟု ယူဆရသောစာ အီရတ်၌ ပြည်တွင်းစစ်ဖြစ်ရန် ဖော်ပြထား၊ ဆေးလိပ်ကြောင့် ယောကျ်ားစွမ်းရည်ပျောက် မိန်းမပြုကလေးရောဂါရ၊ နိုင်ငံတကာသတင်းများကို e-Empire Media House ဖုန်း-၇၀၃၈၁၃၈ မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။ (က-ပ)

၂၀၀၃ခုနှစ်အတွင်း မူးယစ်ဆေးဝါးမှု ၂၇၆၃ မှု ဖမ်းဆီး ဘိန်းချက်စခန်းခုနစ်ခုနှင့် ဘိန်းခင်း ဧက ၅၅၀၀ကျော်ဖျက်ဆီးခဲ့

ရန်ကုန် ဖေဖော်ဝါရီ ၁၉

၂၀၀၃ခုနှစ်အတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့မှ မူးယစ်ဆေးဝါးအမှုပေါင်း ၂၇၆၃မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၃၉၆မှု အလေးချိန် ၁၄၈၁ ဒသမ ၄၉၇၈ကီလို၊ ဘိန်းဖြူ ၉၆၈မှု အလေးချိန် ၅၆၈ ဒသမ ၀၈၂၇ကီလို၊ ဘိန်းညိုနှစ်မှု အလေးချိန် ၁၅၆ ဒသမ ၂၅ကီလို၊ ဘိန်းဆီ ၅၁မှု အလေးချိန် ၅၁ ဒသမ ၇၃၇၅ ကီလို၊ အဆင့်နိမ့်ဘိန်း ၂၀၀မှု အလေးချိန် ၂၀၃ ဒသမ ၈၆၈ကီလို၊ ဆေးခြောက် ၁၉၄မှု အလေးချိန် ၈၅ ဒသမ ၂၀၁၆ကီလို၊ ဖင်ဆီဒိုင်း ၂၄မှု ပမာဏ ၇၄ ဒသမ ၆၈ လစ်တာ၊စိတ်ကြွရူးသွပ်ဆေးပြား ၄၇၂မှု ၄၀၀၂၅၂၄ပြား၊ အက်ဖီဒရင်းလေးမှု အလေးချိန် ၃၀၇ ဒသမ ၉၃၂၂ကီလို၊ စိတ်ကြွရူးသွပ်ဆေးမှုန့်ရှစ်မှု အလေးချိန် ၈ ဒသမ ၀၆၆၉ ကီလို၊ ချောင်းဆိုးပျောက်ဆေးရည်နှစ်မှု ပမာဏ၂၆ ဒသမ ၈၃လစ်တာ၊ ဘိန်းစာမှုန့် ၂၂မှု အလေးချိန် ၉၈ ဒသမ ၈၂၇၅ကီလို၊ ကေဖင်းတစ်မှု အလေးချိန် သုညဒသမ ၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေးခဲ(အိုက်စ်) နှစ်မှု အလေးချိန် ၁၀၂ ဒသမ ၀၀၀၁ကီလို၊ ဗြူပရီနော်ဖင်ထိုးဆေးငါးမှု ၄၀၂ပုလင်း၊ မော်ဖင်းထိုးဆေးနှစ်မှု ခြောက်ပုလင်း၊ ဒိုင်ယာဇီပမ်ထိုးဆေးတစ်မှု ၁၂ပုလင်း၊ ဒိုင်ယာဇီပမ် ဆေးပြားကိုးမှု ၂၄၈၄၄၅ပြား၊ ဖိနိုင်းအက်စစ်တစ်အက်စစ် အလေးချိန် ၆၁၀ ဒသမ ၆၁ကီလို၊ အက်စစ်တစ်အင်ဟိုက်ဒြိုက်တစ်မှု ပမာဏ ၂၅၆၂ ဒသမ ၂၄လစ်တာ၊ ဓာတုဆေးရည် ၁၈မှု ပမာဏ ၃၆၉၀၃ ဒသမ ၈၃၇လစ်တာ၊ ဓာတုဆေးမှုန့် အလေးချိန် ၇၀၄၅ ဒသမ ၃၂၁၆ကီလို၊ မှတ်ပုံတင်ပျက် ၂၈၉မှု၊ အခြားအမှု ၉၂မှု ဖမ်းဆီးရမိခဲ့သည်။

တပ်မတော်တပ်ရင်း တပ်ဖွဲ့များ

တပ်မတော်တပ်ရင်း/တပ်ဖွဲ့များမှ ဘိန်း ၁၉မှု အလေးချိန် ၅၁၇ ဒသမ ၅၄၇၂ ကီလို၊ ဘိန်းဖြူ ၂၁မှု အလေးချိန် ၁၃၈ ဒသမ ၃၄၀၇ ကီလို၊ ဘိန်းညို တစ်မှု အလေးချိန် ၆ ကီလို၊ အဆင့်နိမ့်ဘိန်း ခြောက်မှု အလေးချိန် ၂ ဒသမ ၂၁၂၈ကီလို၊ ဆေးခြောက်မှု သုံးမှု အလေးချိန် ၈ ဒသမ ၈၅၈ ကီလို၊ ဖင်ဆီဒိုင်း နှစ်မှု၊ ပမာဏ ၂၀ ဒသမ ၃ လစ်တာ၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁မှု၊ ၅၆၅၈၂၂ပြား၊ အက်ဖီဒရင်း အလေးချိန် ၁၈ ဒသမ ၀၀၂၂ကီလို၊ စိတ်ကြွရူးသွပ်ဆေးမှုန့် အလေးချိန် သုညဒသမ၀၁ ကီလို၊ ဖိနိုင်းအက်စစ်တစ်အက်စစ် အလေးချိန် ၈ ဒသမ ၉၁ကီလို၊ အက်စစ်တစ်အင်ဟိုက်ဒြိုက် ပမာဏ ၁၁၈၆ ဒသမ ၅ လစ်တာ၊ ဓာတုဆေးရည် ခြောက်မှု၊ ပမာဏ ၁၃၀၀၁ ဒသမ ၁၁၉ လစ်တာ၊ ဓာတုဆေးမှုန့် အလေးချိန် ၆၉၈၇ ဒသမ ၂ ကီလို မှတ်ပုံတင်ပျက် တစ်မှု ဖမ်းဆီးရမိခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖမ်းဆီးရမိမှုများမှာ ဘိန်း ၃၇၇မှု အလေးချိန် ၉၆၃ ဒသမ ၉၅၀၆ ကီလို၊ ဘိန်းဖြူ ၉၄၇မှု အလေးချိန် ၄၂၉ ဒသမ ၇၄၂ ကီလို၊ ဘိန်းညို တစ်မှု အလေးချိန် ၁၅၀ ဒသမ ၂၅ ကီလို၊ ဘိန်းဆီ ၅၁မှု အလေးချိန် ၅၁ ဒသမ ၇၃၇၅ ကီလို၊ အဆင့်နိမ့်ဘိန်း ၁၉၄မှု အလေးချိန် ၂၀၁ ဒသမ ၆၅၅၂ကီလို၊ ဆေးခြောက် ၁၉၁မှု အလေးချိန် ၇၆ ဒသမ ၃၄၃၆ ကီလို၊ ဖင်ဆီဒိုင်း ၂၂မှု ပမာဏ ၅၄ ဒသမ ၃၈လစ်တာ၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၆၁မှု ၃၄၃၆၇၀၂ပြား၊ အက်ဖီဒရင်း လေးမှု အလေးချိန် ၂၈၉ ဒသမ ၉၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးမှုန့် ရှစ်မှု အလေးချိန် ၈ ဒသမ ၀၅၆၉ ကီလို၊ ချောင်းဆိုးပျောက်ဆေးရည် နှစ်မှု ပမာဏ ၂၆ ဒသမ ၈၃ လစ်တာ၊ ဘိန်းစာမှုန့် ၂၂မှု၊ အလေးချိန် ၉၈ ဒသမ ၈၂၇၅ ကီလို၊ ကေဖင်း တစ်မှု အလေးချိန် သုည ဒသမ ၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေးခဲ (အိုက်စ်) နှစ်မှု အလေးချိန် ၁၀၂ ဒသမ ၀၀၀၁ ကီလို၊ ဗြူပရီနော်ဖင်ထိုးဆေး ငါးမှု ၄၀၂ပုလင်း၊ မော်ဖင်းထိုးဆေး နှစ်မှု ခြောက်ပုလင်း၊ ဒိုင်ယာဇီပမ်ထိုးဆေး တစ်မှု ၁၂ပုလင်း၊ ဒိုင်ယာဇီပမ်ဆေးပြား ကိုးမှု ၂၄၈၄၄၅ပြား၊ ဖိနိုင်းအက်စစ်တစ်အက်စစ် အလေးချိန် ၆၀၁ ဒသမ ၇ ကီလို၊ အက်စစ်တစ်အင်ဟိုက်ဒြိုက် တစ်မှု ပမာဏ၁၃၇၅ ဒသမ၇၄ လစ်တာ၊ ဓာတုဆေးရည် ၁၂မှု ပမာဏ ၂၃၉၀၂ ဒသမ ၇၁၈လစ်တာ၊ ဓာတုဆေးမှုန့် အလေးချိန် ၅၈ ဒသမ ၁၂၁၆ ကီလို၊ မှတ်ပုံတင်ပျက် ၂၀၈မှု၊ အခြားအမှု ၉၂မှု ဖမ်းဆီးရမိခဲ့သည်။

၂၀၀၃ခုနှစ်အတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၂၇၆၃မှု ဖမ်းဆီးခဲ့ရာတွင် တရားခံကျား ၃၁၁၇ဦး၊ တရားခံ မ ၇၃၁ ဦး စုစုပေါင်း တရားခံ ၃၈၄၈ဦးတို့အား ဥပဒေအရ အရေးယူခဲ့သည်။

၂၀၀၃ခုနှစ်အတွင်း တပ်မတော်တပ်ရင်း/တပ်ဖွဲ့များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ နယ်မြေလုံခြုံရေး တာဝန်ဆောင်ရွက်စဉ် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဘိန်းချက်စခန်းခုနစ်ခု ဖမ်းဆီးရမိခဲ့သည်။ အဆိုပါ ဘိန်းချက်စခန်းများမှ မူးယစ်ဆေးဝါးများ၊ ဓာတုဆေးရည်များနှင့် ဘိန်းချက်ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

ဘိန်းခင်းများကို ဖျက်ဆီး

၂၀၀၃-၂၀၀၄ခုနှစ် ဘိန်းစိုက်ရာသီတွင် တရားမဝင်စိုက်ပျိုးထားသော ဘိန်းခင်းများကို ဖျက်ဆီးလျက်ရှိရာ ၂၀၀၄ခုနှစ် ဇန်နဝါရီ ၃၁ရက်အထိ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့၌ စုစုပေါင်းဘိန်းခင်း ၅၅၇၃ ဒသမ ၉၁၆ ဧက (၂၂၅၅ ဒသမ ၇၃ ဟက်တာ) ဖျက်ဆီးခဲ့သည်။

၂၀၀၂ခုနှစ်နှင့် ၂၀၀၃ခုနှစ် မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုကို နှိုင်းယှဉ်လျှင် ၂၀၀၃ခုနှစ်တွင် ၂၀၀၂ခုနှစ်ထက် ဘိန်းဖြူအလေးချိန် ၂၃၄ ဒသမ ၁၉၅ကီလို၊ ဓာတုဆေးရည် ပမာဏ ၁၀၄၆၃ ဒသမ ၄၁၈လစ်တာ ပိုမိုဖမ်းဆီးရမိခဲ့ပြီး ဘိန်းအလေးချိန် ၃၈၁ ဒသမ ၇၇၇၅ကီလို၊ ဆေးခြောက် အလေးချိန် ၁၉၆ ဒသမ ၇၈၆၈ကီလို၊ ဖင်ဆီဒိုင်းပမာဏ ၂၆၃ ဒသမ ၇၇၄ လစ်တာ၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၃၉၇၂၇၀ ပြား၊ အက်ဖီဒရင်းအလေးချိန် ၁၄၁၅ ဒသမ ၆၀၄၇ကီလို၊ အက်စစ်တစ်အင်ဟိုက်ဒြိုက်ပမာဏ ၃၉၁ ဒသမ ၀၄၈၄ လစ်တာ လျော့နည်းဖမ်းဆီးခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် ၂၀၀၂ခုနှစ်ထက် အမှုပေါင်း ၁၃၆မှု၊ တရားခံပေါင်း ၄၄၃ဦးလျော့နည်းဖမ်းဆီးခဲ့သည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၁၅ရက်က တောင် ဥက္ကလာပမြို့နယ် အမက(၁၇)တွင် ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ထူးချွန်ထက်မြက် ဆုပေးပွဲ အခမ်းအနား ကျင်းပရာ တတိယတန်းပထမဆု၊ မြို့နယ်အဆင့် ပညာတန်ဆောင် စာစီစာကုံးပထမဆု၊ ဘက်စုံထူးချွန်ပထမဆု၊ ကျောင်းအဆင့် ကျောင်းကျန်းမာရေး ပထမဆုရရှိသူ မောင်အောင်ချမ်းသာ အား ကျောင်းအုပ် ဆရာမကြီးဒေါ်အုံးကျင်ကဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ပင်းယမြို့ဟောင်းစေတီပျက်မှ အင်းဝခေတ်လက်ရာ ရှေးဟောင်းဆင်းတုတော်များ ထပ်မံတွေ့ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မန္တလေးတိုင်း တံတားဦးမြို့နယ် ပင်းယမြို့ဟောင်း စကားအင်းကျေးရွာ အနီးရှိ အင်းဝဘုရင် မင်းကြီးစွာစော်ကဲ တည်ထားခဲ့သော အောင်စည်းခုံ စေတီတော်ကြီး ပြိုကျပျက်စီးနေမှုကို ရှေးဟောင်းသုတေသနဦးစီးဌာနခွဲ(မန္တလေး)မှ ညွှန်ကြားရေးမှူး(စီမံ) ဦးလှကြီးမောင်မောင် ဦးဆောင်သည့်အဖွဲ့က ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ဒုတိယအပတ်မှစ၍ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၄ခုနှစ် ဇန်နဝါရီ ၇ရက်မှ ၁၂ရက်အထိ လုပ်ငန်းကာလအတွင်း အင်းဝခေတ်လက်ရာ ရှေးဟောင်း ဆင်းတုတော် ၂၂ဆူ တွေ့ရှိခဲ့ပြီးဖြစ်သည်။ ထို့နောက် ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၃ရက်တွင် တောင်ဘက် ပစ္စယာနှင့် နတ်လမ်းလှေကားထောင့်၌ ရှေးဟောင်းဆင်းတုတော်လေးဆူ ထပ်မံတူးဖော်ရရှိခဲ့ပြီး ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၇ရက်တွင် စေတီတော်၏တောင်ဘက် ရင်ပြင်တော်ပေါ်ရှိ ပြိုကျနေသော အုတ်ကျိုးနှင့် မြေစာများအတွင်းမှ ငွေဖောင်းကြွ ဆင်းတုတော်နှစ်ဆူနှင့် ကြေးဆင်းတုတော်လေးဆူ စုစုပေါင်း ခြောက်ဆူ ထပ်မံတွေ့ရှိခဲ့သည်။ ရှေးဟောင်း သမိုင်းဝင် အောင်စည်းခုံစေတီတော် ပြန်လည်တူးဖော်ရာမှ ယနေ့အထိ ဌာပနာ ဗုဒ္ဓရုပ်ပွားတော် ၃၂ဆူရရှိထားပြီးဖြစ်ရာ တူးဖော်ထိန်းသိမ်းမှု လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

အောင်စည်းခုံ စေတီတော်၏ တောင်ဘက် ရင်ပြင်တော်ပေါ်ရှိ ပြိုကျနေသော အုတ်ကျိုးနှင့်မြေစာများအတွင်းမှ ငွေဖောင်းကြွ ဆင်းတုတော်နှစ်ဆူနှင့်ကြေးဆင်းတုတော်လေးဆူ စုစုပေါင်းခြောက်ဆူကို ထပ်မံဖူးတွေ့ရစဉ်။

(ယဉ်ကျေးမှု)

မြန်မာ့ရေကြောင်း

ပြန်ကြားရေးဝန်ကြီးဌာန

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်သောရုံးသုံးစက်များ ဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ ရုံးသုံးစက်ပစ္စည်းများကို ဝယ်ယူလိုပါ သည်။

Item	Description	Qty
(၁)	30 KVA/40 KVA Generating Set	2 Nos
(၂)	Computer (With C.D Writer) - Pentium 4-2.4/2.66 GH Processor - 128 MB DDR RAM 40 GB Hard Disk - AGP 32 MB 3D 15" SVGA Digital Colour Monitor PS/2 Mouse. PS/2 Key Board 52x CD Rom Drive 800 W Multimedia Speaker	4 Nos
(၃)	Printer(Colour)	4 Nos
(၄)	Flatbed Scanner	1 No
(၅)	Air Conditioner (Window Type)(1.5 HP)	25Nos
(၆)	Air Conditioner (Split Type) (1.5 HP)	6 Nos
(၇)	Pallet Truck (Hydraulic Type)	3 Nos
(၈)	Type Writer (Myanmar) 18"	3 Nos

၂။ တင်ဒါပေးသွင်းမှုကို(၂၇-၂-၂၀၀၄)ရက်(၁၆:၃၀)နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါ လိပ်စာတွင် လာရောက်ဝယ်ယူ နိုင်ပါသည်။

ပြည်တွင်း/ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ်-၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့
ဖုန်း-၂၄၅၆၃၁၊ ၂၄၅၆၂၄၊ ၂၄၅၆၄၅။

(၁၈၂)ကြိမ်မြောက် ငွေကျပ်၅၀တန် အောင်ဘာလေသိန်းထီဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

(၁၈၂)ကြိမ်မြောက် ငွေကျပ် ၅၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို မတ် ၁ရက်တွင် အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၉နာရီမှစတင်၍ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

ငွေကျပ် ၅၀တန်ထီ (၁၈၂)ကြိမ်မြောက်တွင် အက္ခရာ ၃၆လုံး၊ ထီစာအုပ် ၂၉၄၅၄၄၈အုပ်ကို ထီထိုးသူများကံစမ်းနိုင်စေရန်အတွက် ထုတ်ဝေရောင်းချခဲ့ရာ ကုန်စင်အောင် ရောင်းချခဲ့ရသည်။

ထို့ကြောင့် ဆုတန်ဖိုးအလိုက်ဆုမဲများမှာ ငွေကျပ် သိန်း ၃၀၀ တစ်ဆု၊ ငွေကျပ် သိန်း (၅၀)၂၉ဆု၊ ငွေကျပ်(၂၅)သိန်း ၁၂ဆု၊ ငွေကျပ်ခြောက်သိန်း ၆၆၅ဆု၊ ငွေကျပ်ငါးသိန်းနှစ်ဆု၊ ငွေကျပ်လေးသိန်း လေးဆု၊ ငွေကျပ်နှစ်သိန်း ၁၅ဆု၊ ငွေကျပ်တစ်သိန်း ၁၇၁ဆု၊ ငွေကျပ်ရှစ်သောင်း ၂၄ဆု၊ ငွေကျပ်ငါးသောင်း ၁၇၁၀ဆု၊ ငွေကျပ်လေးသောင်း ၄၆ဆု၊ ငွေကျပ်နှစ်သောင်း ၃၃၃ဆု၊ ငွေကျပ်တစ်သောင်း ၁၇၁၀၀ဆု စုစုပေါင်း ၂၀၁၁၂ဆုဖြစ်သည်။

ယခု (၁၈၂)ကြိမ်မြောက် ငွေကျပ် ၅၀တန်ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို မတ် ၉ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဆုငွေငါးသိန်းနှင့်အောက် ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် အောင်ဘာလေ သိန်းဆုဌာနခွဲတွင် လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူနိုင်သည်။ (သတင်းစဉ်)

ပါးလယ်ခင်ခင် မြပုလဲခင်

အနိုရောင်ဒဿာရီ ခရအိမ်

လုံးချင်းဝတ္ထုသစ်

ထွက်ပြီ ထွက်ပြီ

SUPER-A-ONE

Tourism,Hotel, Company, Student Visa, Grammer.

ကလေးများအတွက်အထူးတန်းခွဲရှိသည်။

511231

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀-၂-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၀၅ ၆။ အရေးပြိုင်ပွဲ
- ၈:၁၅ ၇။ ကြေးမုံရိပ်သွင်တေးနယဉ်
- ၈:၂၅ ၈။ ဗိုက္ကရဲရေထိန်းတံခါး
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ English for Everyday Use.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Domonstration Exercises for Correct Pronunciation.
- ၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားတေးသံသာ
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၅:၁၅ ၆။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅:၂၅ ၇။ နည်းစနစ်မှန်မှန်အားကစားအခြေခံ
- ၅:၃၅ ၈။ တေးသရုပ်ဖော်အစီအစဉ်
- ၅:၄၅ ၉။ ဆင်ဖြူရှင်တံတား
- ၆:၀၀ ၁၀။ နှောင်းခေတ်တေးပဒေသာ
- ၆:၁၅ ၁၁။ Discovery.
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ Milo Success in Soccer.
- ၇:၁၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မိုးမြေဆုံးစေတော့ကွယ်" (အပိုင်း-၂၀)**
- ၇:၄၀ ၁၆။ တေးဂီတအစီအစဉ်
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **မြန်မာဗီဒီယိုဇာတ်လမ်း "ခင်ပွန်း" (အပိုင်း-၁) (ကျော်ဟိန်း၊နန္ဒာလှိုင်) [ဒါရိုက်တာ-ကျော်ဇောလင်း]**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ချင်းတွင်း ပင်လယ်သွား အပျော်စီးရေယာဉ်

အထူးဈေးနှုန်းတင်ရှိခြင်း



Khin Maung Kyi & Associates Co.,Ltd. မှ

ချင်းတွင်းမိသားစု

Khin Maung Kyi & Associates Co.,Ltd.

FAME

ဆီးချိုရောဂါကိုသဘာဝတိုင်းရင်းဆေးဖြင့်ကာကွယ်လိုပါသလား ?

" မိသားစုမျိုးရိုး၌ ဆီးချိုရောဂါရှိသူ "

" ကိုယ်လက်လှုပ်ရှားမှု နည်းပါးသူ "

" အစားအသောက် မရှောင်လိုသူ "

" အသက်(၄၀)ကျော် အဝလွန်သူ "

Diabe-herb®

GMP & ISO 9001 Certified

(Germany) (France) (Switzerland) (China) (Myanmar)

Diabe-herb® ကို WHO ... GMP guideline ... ISO 9001:2000 Quality Standard ... GMP Certificate ... ISO 9001:2000 Certificate ... FAME Pharmaceuticals ...

PH : 01-681908, 682199, 685083, 256236, 705255, 02-39485, 38798, 081-24163

ကနိကျေးရွာ ပရဟိတဂေဟာ အလှူငွေပေးအပ်ပွဲကျင်းပ

ဖျာပုံ ဖေဖော်ဝါရီ ၁၅

ဖျာပုံမြို့နယ် ကနိကျေးရွာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၏ ငွေ ပဒေသာပင်စိုက်ထူပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၅ ရက်က လူငယ်ဖွံ့ဖြိုးရေး ပရဟိတ ဂေဟာတွင် ကနိကျေးရွာမဟာဘုံစံကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၏ သြဝါဒကိုခံယူ၍ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အဆိုပါ အခမ်းအနားတွင် ပရဟိတကလေးများအတွက် ထာဝရငွေပဒေသာပင်အဖွဲ့မှ ရန်ပုံငွေကျပ် ၁၀ သိန်း**(ယာပုံ)**၊ ဖျာပုံမြို့နေ ဦးတင်အေး-ဒေါ်စန်းစန်းဝင်းမိသားစုမှ ကျပ်သုံးသိန်းတန် ခြင်ထောင်အလုံး ၇၀ နှင့် ကျပ် တစ်သိန်း၊ ဦးသိန်းလှိုင်နှင့်အဖွဲ့က ကျပ်တစ်သိန်းငါးထောင်၊ ဦးကျော်အေး- ဒေါ်ဝင်းဝင်းမြတ်(ဖျာပုံ)က ကျပ် ၅၀၀၀၀၊ ဦးကျော်မြ ဘိုကလေးမြို့မှ ကျပ်၁၀၀၀၀၊ ဦးထွန်းထွန်းထွေး-ဒေါ်လှလှမွန်(ဖျာပုံ)က ကျပ် ၂၀၀၀၀၊ ဦးကျော်မြင့်-ဒေါ်ရင်နွဲ့(ဖျာပုံ)က ကျပ် ၂၀၀၀၀၊ ဒေါ်နွယ်နွယ်ဝင်း (ဖျာပုံ)က ကျပ်၃၀၀၀၀နှင့် စုစုပေါင်း အလှူရှင် ၁၃ဦးတို့က ငွေကျပ် ၁၇သိန်းကျော်ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ငါးထပ်ကျောင်းဆောင် ရေစက်ချပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

အင်းစိန်မြို့ တောင်သူကုန်းရပ်ကွက်၊ ဘိုကုန်း၊ ဧယျာသိဒ္ဓိ မဟာသွံသာရ ဘုရားကျောင်းဝင်းအတွင်း မဟာသွံသာရ ဆရာတော် ပထမကျော်၊ ဓမ္မာစရိယ၊ ဘီအက်စ်စီ၊ မဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တကုမာရနှင့် ပါရမီရှင် ကျောင်းဒါယကာ၊ ဒါယိကာမများစုပေါင်းလှူဒါန်းသည့် ဟေမာသိဒ္ဓိငါးထပ်ကျောင်းဆောင်သစ်ကြီး ရေစက်ချအခမ်းအနားကို အဆိုပါကျောင်းတိုက်၌ ဖေဖော်ဝါရီ ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ ရန်ကုန်တိုင်းနှင့် အင်းစိန်မြို့နယ် သံဃနာယက ဆရာတော်ကြီးများ၊ ထေရဝါဒ ဗုဒ္ဓသာသနပြုအဖွဲ့ သြဝါဒစရိယ ဆရာတော်ကြီးများ၊ ပြည်တွင်း၊ ပြည်ပဆရာတော်ကြီးများ စုစုပေါင်း အပါး ၂၀၀ ဖြင့် ကျင်းပမည်ဖြစ်သည်။

အလှူရှင်များ အချိန်မီကြွရောက်ကြရန်နှင့် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၁ ရက်အထိ ညစဉ် ၉ နာရီမှစ၍ မဟာသွံသာရဆရာတော် ဘဒ္ဒန္တကုမာရက ဦးဆောင်၍ သံဃာတော်အရှင်သူမြတ်ကိုးပါးတို့က ဥပ္ပါတသန္တိကျမ်းရွတ်ဖတ်ပူဇော်မည်ဖြစ်သည်။ (က-ပ)

ရွှေတောင်မြို့နယ်အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ဆောင်ရွက်

ရွှေတောင် ဖေဖော်ဝါရီ ၁၆

ရွှေတောင်မြို့နယ်တွင် အမျိုးသား ပတ်ဝန်းကျင် သန့်ရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုများ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၄ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရွှေတောင်မြို့မဈေးကြီး အတွင်း၊ အပြင် သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ကြသည်။

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဦးမင်းမြတ်သွင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဈေးသူ၊ ဈေးသားများ စုစုပေါင်း အင်အား ၅၂၅ ဦး ပါဝင်ဆောင်ရွက်ကြသည်။

ကြည့်ရှုအားပေး

စုပေါင်းသန့်ရှင်းရေးလုပ်အားပေးရာသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝင်းတင်နှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးကြသည်။

(၁၃၄)

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်း ကျင်းပမည်

မကွေး ဖေဖော်ဝါရီ ၁၈

မကွေးမြို့ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၄၁) ဓမ္မရိပ်သာကြီးတွင် (၈၃) ကြိမ်မြောက် ခုနစ်ရက် တရားစခန်းပွဲကို မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်ကြီးမှ နယ်လှည့်သာသနာပြု ကမ္မဋ္ဌာနစရိယသာသနာ့ဓဇ ဓမ္မာစရိယ ဓမ္မကထိက နာယက ဆရာတော် ဦးစန္ဒာသီရိအရှင်သူမြတ်က မတ် ၁၀ ရက်ညနေမှစ၍ ခုနစ်ရက် တရားစခန်းပွဲနှင့် ညစဉ်ခုနစ်ရက် တရားပွဲများ ဟောကြားချီးမြှင့်မည် ဖြစ်ကြောင်း သိရသည်။

(က-ပ)

ဒလမြို့နယ်အဆင့် ပညာရေးမိသားစု၏ မြို့နယ်ပညာရည်ချွန်ဆုနှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၃ ရက်ကကျင်းပရာ အမှတ် (၂) အခြေခံပညာမူလတန်းကျောင်းမှ မြို့နယ်ဘက်စုံထူးချွန်ဆု ပထမ၊ သင်္ချာထူးချွန်ဆုပထမနှင့် ပညာတန်ဆောင် ရုပ်ပြစာစီစာကုံးဆုရရှိသည့် စတုတ္ထတန်းမှ မောင်ကြည်စိုးအား မြို့နယ်ပညာရေးမှူး ဦးသန်းလှိုင်က ဂုဏ်ပြုဆုများချီးမြှင့်စဉ်။ (က-ပ)

သဃ်ာန်းကျွန်းမြို့နယ် လေးဒေါင့်ကန်ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူးကျင်းပသော (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အလွတ်တန်း ဂိုးလတ်ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်ကကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးရွှေအိနှင့် လေးဒေါင့်ကန်ရပ်ကွက် ဥက္ကဋ္ဌ ဦးဇော်ဝင်းတို့က ပထမဆုရ ရန်ကုန်သစ်ရပ်ကွက်အသင်းအား ဆုဖလားချီးမြှင့်စဉ်။ (၅၀၆)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်တိုင်းတရားရုံး

၂၀၀၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၇

ဦးလှဖေ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးကောင်းထွဋ်) အမှတ်-၁၆၄၊ ကျွန်းရွှေမြိုင်လမ်း၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။	**နှင့်**	**ဦးဗအောင်** အမှတ်-၁၈၈၊ သစ်ရာပင်လမ်း၊ သုဝဏ္ဏ၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။
တရားလို		**တရားပြိုင်**

အထက်ပါအမှုမှအမှတ်-၁၈၈၊ သစ်ရာပင်လမ်း၊ သုဝဏ္ဏ၊ သဃ်ာန်းကျွန်းမြို့နယ်နေ တရားပြိုင် ဦးဗအောင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးလှဖေ "သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ-၁၂အရ ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် မတ်လ ၈ ရက် (၁၃၆၅ ခုနှစ် တပေါင်းလပြည့်ကျော် ၃ရက်)နေ့ နံနက်(၁၀:၀၀)နာရီအချိန်တွင် အထက်က အမည်ပေးရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

နန်းညွန့်နွယ်
တွဲဖက်တိုင်းတရားသူကြီး (၇)
ရန်ကုန်တိုင်းတရားရုံး။

တရားရုံးချုပ်ရှေ့နေ ဦးအောင်ကျော်မိနှင့် ဦးခင်မြတို့၏ ၂၅-၁-၂၀၀၄ ရက်စွဲပါ မမြသီတာအပေါ် ကြိုတင်သတိပေးခြင်းကိစ္စနှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်းကြေညာခြင်း

မမြသီတာ[၁၂/ဥကတ(နိုင်)၁၀၁၆၆၅]၏ လွှဲအပ်ညွှန်ကြားချက်အရ PEACE HOUSE TRAVEL ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးဟင်နရီဉာဏ်ထွန်း[၁၂/တမန(နိုင်)၀၆၈၄၅၁]နှင့် အများသိစေရန် ပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

PEACE HOUSE TRAVEL ကုမ္ပဏီလီမိတက်တွင် မမြသီတာသည် Accountantအဖြစ် (၁၀)လ တာဝန်ကျေပွန်စွာဖြင့် အလုပ်လုပ်လာခဲ့ပါသည်။ ထိုလုပ်ငန်းတွင် ဆက်လက်လုပ်ကိုင်ပါက ဥပဒေနှင့်ဆန့်ကျင်ဖွယ်ရာ ကိစ္စရပ်များနှင့် လူမှုရေးထိပါးနိုင်ဖွယ်ရာကိစ္စရပ်များ ပေါ်ပေါက်လာနိုင်သောကြောင့် မမြသီတာသည် အခြားသောဝန်ထမ်းများကဲ့သို့ အလုပ်မှနုတ်ထွက်ခဲ့ခြင်းဖြစ်ပါသည်။ လုပ်ငန်းနှင့်ပတ်သက်သော ငွေကြေးကိစ္စသည်လည်း နေ့စဉ်အသုံးစရိတ် ရှင်းတမ်းအဆင့်သာဖြစ်ပြီး နေ့စဉ်ရှင်းလင်းပေးခဲ့ပြီးဖြစ်သောကြောင့် ငွေကြေးကိစ္စအရှုပ်အရှင်း လုံးဝမရှိ၍ ကုမ္ပဏီရုံးခန်းတွင် ကိုယ်တိုင်လာရောက် ဖြေရှင်းရန် မလိုအပ်ပါ။

မမြသီတာအပေါ်တွင် အများပြည်သူထင်ယောင်ထင်မှားဖြစ်လာနိုင်သော သတင်းစာပါစွပ်စွဲချက်များကို ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုပါသည်။ ပျက်ကွက်ပါက ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးကျင်ငွေ **တရားရုံးချုပ်ရှေ့နေ** **(စဉ်-၂၄၂၅)**	**ဦးစိုးမြင့်** **အထက်တန်းရှေ့နေ** **(စဉ်-၁၃၄၃၅)**

အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။

ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်

ငပလီတွင် မကြာမီဖွင့်လှစ်မည်ဖြစ်သော Amazing Ngapali Resort တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်ထားနိုင်ပါသည်။

Executive Secretary	(၁) ဦး
Accountant	မ (၁) ဦး
Marketing Executive˚(Yangon)	ကျား/မ (၁) ဦး
F & B Manager	ကျား/မ (၁) ဦး
Executive Chef	ကျား/မ (၁) ဦး
Sous Chef	ကျား/မ (၁) ဦး
Chef de Partie	ကျား/မ (၁) ဦး
Cook	ကျား/မ (၄) ဦး
Engineer (B.E or AGTI with MP, EP or EC)	ကျား (၂) ဦး
Technician (AGTI or ITC with MP, EP or EC)	ကျား (၉) ဦး

သက်ဆိုင်ရာ ရာထူးအလိုက် လုပ်သက်အတွေ့အကြုံရှိသူများ၊ ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်တို့နှင့်တကွ တစ်ပတ်အတွင်း အောက်ပါလိပ်စာသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။ အနည်းဆုံး တစ်နှစ်တာဝန်ထမ်းဆောင်နိုင်သူများဖြစ်ရမည်။ ထွန်းလင်းရောင်ကုမ္ပဏီလီမိတက်၊ No.7(F/S-7) ရွှေမာလာရိပ်မွန်၊ (Lion City Restaurant)အနီး၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

KMD Computer Centre

Software Engineering Course
✔ Microsoft Access
✔ Visual Basic
✔ Java Assignment ထိ Database နှင့် ချိတ်ဆက်၍ သင်ပေးပါမည်။
MCSA (Software Development) Exam
Commencing Date: 25.2.2004 (4:00 - 8:00) Mon to Fri 4.3.2004 (11:00 - 3:00) Mon to Fri

Software Engineering in Database and e-Commerce Course
Web site နှင့် e-Commerce site
e-Commerce Web site Database Design
SAT / SUN section
Commencing Date: 8.3.2004 (8:45 - 11:00) Mon to Fri 20.3.2004 (8:45 - 12:00) Sat-Sun
KMD - Centre II

အမြန်အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

1. Engineer

B.E(Mechanical)	ကျား	(၂) ဦး
B.E˚(Electrical Power)	ကျား	(၁) ဦး
B.E(Electronic) (PLC) ကျွမ်းကျင်သူ	ကျား	(၂) ဦး
2. Accountant (B.Com, C.P.A)	မ	(၁) ဦး
3. Store Manager (ဘွဲ့ရ)	ကျား	(၂) ဦး
အသက်(၃၅)နှစ်မှ (၄၀)နှစ်အတွင်း		
4. Marketing Manager (ဘွဲ့ရ)	ကျား/မ	(၁) ဦး
အသက်(၃၀)နှစ်အတွင်း		
5. Admin Manager (ဘွဲ့ရ)	ကျား	(၂) ဦး
အသက်(၃၅)နှစ်မှ (၄၀)နှစ်အတွင်း		
6. Sale Executive (ဘွဲ့ရ)	မ	(၂) ဦး
အသက်(၂၀)နှစ်မှ (၂၅)နှစ်အတွင်း		
7. ယာဉ်မောင်း (ကျွမ်းကျင်)	ကျား	(၂) ဦး
8. လုံခြုံရေးဝန်ထမ်း (ရ)တန်းအောင်	ကျား	(၅) ဦး
(အတွေ့အကြုံရှိသူ)		

လျှောက်လွှာတွင် ကိုယ်ရေးရာဇဝင်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်၊ မျှော်မှန်းလစာ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ ရဲစခန်းထောက်ခံစာ (သို့) ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံသုံးပုံပူးတွဲ၍ လျှောက်ထားနိုင်သည်။ (အမှတ်စဉ် ၁၊ ၃၊ ၅ အတွက် လျှောက်ထားသူများသည် လိုင်သာယာစက်မှုဇုန်ရှိ ပလတ်စတစ်စက်ရုံတွင် နေနိုင်သူ ဦးစားပေးမည်။) အထက်ပါ လျှောက်ထားသူသည် လုပ်သက်အနည်းဆုံး(၂)နှစ်ရှိရမည်။ အောက်ပါလိပ်စာအတိုင်း လာရောက် လျှောက်ထားနိုင်သည်။

ဆက်သွယ်ရန်လိပ်စာ–

၄၊ ၂၁/၂၂၊ နွယ်သာဂီလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မကွေးမြို့ မြသလွန်စေတီတော် ရွှေမိုက်ဈေးပြိုင်ရောင်းချပွဲ

မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီးကို (၁၀)နှစ်တစ်ကြိမ် စေတီတော်လုံးပြည့် ရွှေသင်္ကန်းတော်များ ကပ်လှူပြီးစီးပြီဖြစ်ပါသည်။ စေတီတော်မြတ်ကြီးတွင် ကပ်လှူသုံးစွဲခဲ့သည့် ၂"X၂" ရွှေဆိုင်းပေါင်း (၆၆၀၀)၏ ရွှေလှောင်စက္ကူများ၊ ရွှေပွတ်အဝတ်များ၊ တို့ဖတ်ဂွမ်းများနှင့် ၁၀နှစ်စာ ရွှေမှိုက်ကန်တို့ကို မျက်မြင်အခြေအနေအတိုင်း ၁၆–၃–၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ရုံး၌ ဈေးပြိုင်ရောင်းချမည်ဖြစ်ကြောင်း ကြေညာပါသည်။

မြသလွန်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
မကွေးမြို့။
ဖုန်း–၀၆၃–၂၃၀၄၄။

သုံးဆယ်မြို့ လမ်းမတော်မူလတန်းကျောင်း (အငြိမ်းစား) ကျောင်းအုပ်ဆရာမကြီးဒေါ်သန်းအား စတုတ္ထအကြိမ် ပူဇော်ကန်တော့ပွဲအခမ်းအနား

သုံးဆယ်မြို့ လမ်းမတော်မူလတန်းကျောင်း အသက်(၈၇)နှစ်ရှိ (အငြိမ်းစား) ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းအား တပည့်ဟောင်းများက ပူဇော်ကန်တော့ပွဲအခမ်းအနားကို ၆–၃–၂၀၀၄ရက်နေ့တွင် အမှတ်(၆၅)၊ မင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တပည့်ဟောင်းများမှ အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ် ပူဇော်ကန်တော့နိုင်ပါသည်။

ဦးစန်းလွင် – အရှေ့လက်ပန်ခုန်၊ သုံးဆယ်မြို့။
ဦးအေးကို – ပန်းကန်စက်၊ သာယာဝတီမြို့။
ဦးခင်မောင်– မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသိုလှောင်ရုံ (အုတ်ကျင်း) ဖုန်း–၆၅၁၀၅၆
ဒေါ်ခင်သိန်းဝင်း(သီသီ) ဖုန်း–၅၀၅၇၉၈

(၃၃)နှစ်မြောက်မင်္ဂလာဆုတောင်း

M.D. Real Joy Travels & Tours Co.,Ltd
B.Sc. (Physics)
M.Sc. (Physics), PhD (Thesis)
M.B.,B.S.(D.S.M.A)
M.Sc.(O.G) 2nd year
M.B.,B.S(D.S.M.A)

(၁)နှစ်ပြည့် မွေးနေ့မင်္ဂလာဆုတောင်းလွှာ

သားလေး **ဘုန်းဝင်းမြတ်** ၂၀–၂–၂၀၀၄ (၁)နှစ်ပြည့် မွေးနေ့မင်္ဂလာမှ နှစ်(၁၀၀)တိုင် ပျော်ရွှင်ချမ်းမြေ့ပါစေ။

ဖေဖေ – ဗိုလ်မှူးဝင်းကို (မြစ်ကြီးနား)
မေမေ – (ဒေါ်ချယ်ရီချို)
ဖေဖေ – ဦးဝင်းဗိုလ်
မေမေ – ဒေါ်ဖြူဖြူဆွေ(ကမ္ဘာကျော်ရောင်းဝယ်ရေး)ပြည်မြို့။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ဆားလင်းကြီးမြို့နယ်၊ အမှတ်(၁)ကြေးနီစီမံကိန်း၊ မိုင်းမြို့နေ ဦးညွန့်လှိုင် (Mining Engineer-MICCL) – ဒေါ်စန်းမြင့် (အထကကြေးနီ) တို့၏ ဒုတိယသား

မောင်အောင်နိုင်မိုး (ခ) မောင်မင်းကျော်ထွန်း
B.A(B.M), D.M.P(LCCI, U.K) နှင့်

ရန်ကုန်မြို့၊ အမှတ်(၉၁)၊ အထက်ပန်းဆိုးတန်းလမ်းနေ ဦးသန်းဦး (Financial Administrator - PHGE) – ဒေါ်မေစန်း (EENT)တို့၏ သမီးကြီး

မမေသီဦး (B.Com), D.M.P(LCCI, U.K)

တို့၏ ၈–၂–၂၀၀၄(တနင်္ဂနွေနေ့) မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး ဧရာခန်းမ၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြသောပုဂ္ဂိုလ်များ၊ မေတ္တာဖြင့် ပန်းအလှုကူညီပေးသော ဝိုင်းမွန်(သစ်ခွခြံ) နှင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော သူငယ်ချင်းအပေါင်းတို့အား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။**နှစ်ဖက်သောမိဘများနှင့်မောင်အောင်နိုင်မိုး – မမေသီဦး။**

REAL JOY TRAVELS & TOURS CO., LTD.

MINI BUS, HIACE, TOWNACE

Tel : 09-50-18349, 294069, 202678, 09-50-11861
E-mail :

ဆာနူးကြီး ကျားအားနည်း

ရှယ်(1)

ကျေးဇူးဆပ်

ကျွန်တော်၏ PP.493184 မှာ ခရီးသွားလာစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။ **မောင်ညီညီမင်း**
C/O ဖုန်း–၂၆၉၂၅၁။

၁၆–၂–၂၀၀၄ မှ ၂၉–၂–၂၀၀၄ ရက်ထိ Program (3) စတင်ပါပြီ။ Scmw 04011700010-VCD စက်
Scmlv 0401290075-လျှပ်စစ်ဓာတ်ဘူး။ Scmlv 04011600098အံဆွဲဗီရို၊ Sghlv 0401280002831 (VCD) စက်
Sghlv 0401250002223 (ပေါင်မုန့်ကင်စက်)။ Sghlv 0401270001899 (ဒီဗီဒီ) ဆုရှင်များသာရောက် ထုတ်ယူပါရန် Ph : 250841,242236,220027

JOB VACANCY

1. Marketing Manager
2. Marketing Staff
3. Personal Assistant

Digital Media Group

သက်ဆိုင်သူများကန့်ကွက်လိုက မြေပုံကူး (တစ်လ) အမည်ပြောင်း/ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ			လျှောက်ထားသည့်				လျှောက်ထားသည့်အကြောင်းအရာ
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	
၁။	ဒုဗိုလ်မှူးကြီးတင်မောင်ဝင်း+၁	၁၂/မဂဒ(နိုင်)၀၀၃၄၃၅	(၇)၊ ၂၈ခန်းတွဲ၊ ၅၁လမ်း၊ ဗိုလ်တထောင်မြို့နယ်၊	သင်္ဃန်းကျွန်း	၃၀သု၀ရွှေ	၁၂၈	ဦးခင်မောင်မြင့်	အမည်ပြောင်း
၂။	ဒေါ်မြင့်မြင့်တင် + ၁	၁၂/ဥကမ(နိုင်)၀၄၂၃၆၄	(၇၅၅)၊ မချွေးလမ်း၊ ခ - ရပ်ကွက်၊ မ/ဥက္ကလာပ	မ/ဥက္ကလာပ	ခ	၇၅၁	ဒေါ်ညွန့်ရင်	အမည်ပြောင်း
၃။	ဦးသိန်းဝင်း +၁	၁၂/ပဘတ(နိုင်)၀၀၄၆၃၇	(၆၉)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံ	ဒဂုံ	၄၄	၂၅၇	ဦးသာဟိန်း + ၃	အမည်ပြောင်း
၄။	ဦးတင်မြင့်	၁၂/စခန(နိုင်)၀၄၄၆၄၈	၂၆၊ မျှော်ရှုလမ်း၊ စမ်းချောင်း၊	စမ်းချောင်း	၂၉	၅၁	Anjimani Himayati IslamTrust	ဂရန်မိတ္တူ
၅။	ဦးချစ်ကို +၁	၁၃/ရစန(နိုင်)၀၁၅၅၇၈	(၈၄)၊ ခေမာသီလမ်း၊ ၃တိုးချဲ့ရပ်ကွက်၊ မ/ဥက္ကလာပ	တ/ဥက္ကလာပ	၁၁/တိုးချဲ့	၅၅၃	ဦးအောင်ထွန်း	အမည်ပြောင်း
၆။	ဦးကြည်လွင်(ခ)တီတီ(ခ)တိုးတင်	၁၂/သယက(နိုင်)၁၃၈၂၂၁	၇၃၊ ထမ်းသစ်လမ်း	ထန်းမတော်	၂၂	V ၃၇၇	တန်...(ခ)ဒေါ်စောမြ	အမည်ပြောင်း
၇။	ဦးမောင်မောင်တင်	၁၂/ဆကခ(နိုင်)၀၁၀၈၂၅	၉၊ရုံကြီးလမ်း၊ ကြည့်မြင်တိုင်	ကြည့်မြင်တိုင်	၂၆	၉၀	ဒေါ်စိန်ကျွန်း	အမည်ပြောင်း
၈။	ဦးသိန်းဝင်း + ၇	၁၂/သယက(နိုင်)၁၂၄၅၈၂	၁၄၊ ပြည်တော်သာလမ်း၊ သင်္ဃန်းကျွန်း၊	သင်္ဃန်းကျွန်း	၅၀	၂၄	အာဒမ်...ကာ	မြေပုံကူး
၉။	ဒေါ်ခင်ညွန့်ရီ	၁၂/မရက(နိုင်)၁၁၁၃၉၆	၄၅-အေ ၊ ပြည်လမ်း၊ ၇ မိုင်ခွဲ၊ မရမ်းကုန်း၊	မရမ်းကုန်း	၅၃ သမိုင်း	၇/ခ	ဦးစိန်မောင်	မြေပုံကူး
၁၀။	ဦးအေးငြိမ်းဆွေ +၃	၁၂/ပဘတ(နိုင်)၀၂၃၈၆၉	၂၁၈၊၂၂၀၊၃၁လမ်း၊ ပန်းဘဲတန်း၊	ပန်းဘဲတန်း	၁၆	III - ၃၆	Fatima Bee Bee	အမည်ပြောင်း
၁၁။	ဒေါ်ခင်သန်းရီ	၇/တငန(နိုင်)၀၀၇၅၄၄	၁၄၃၉၊ ၄၆ ရပ်ကွက်၊ ဒဂုံမြောက်၊	ဒဂုံမြောက်	၄၆	၁၄၃၉	ဒေါ်မြမေ	အမည်ပြောင်း
၁၂။	ဦးမြင့်စိုးသိန်း	၁၂/ဗဟန(နိုင်)၀၃၃၃၃၅	၅၊ ၁၆၃လမ်း၊ တာမွေ	တာမွေ	၃၄E	၃၂၂	ဒေါ်ယဉ်	အမည်ပြောင်း
၁၃။	ဒေါ်သန်းသန်းမြင့်	၁၂/ဥကတ(နိုင်)၀၉၇၂၀၀	၂၀၆၊တိုက်-၄၊မြိုင်ပေါ်ဝ နှင်းဆီမီးရောင်စီးပွားနိုင်၊ကိုင်၊မရမ်းကုန်း	တ/ဥက္ကလာပ	၃	၁၇၇/ခ	ဦးသန်းမြင့်	အမည်ပြောင်း
၁၄။	ဒေါ်ရီ	၃/မဝတ(နိုင်)၀၁၀၆၇၉	၇/သုံးမြောင့်လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်	ဒဂုံတောင်	၂၀	၃၄၂/က	ဦးချစ်ဝိုင်း	အမည်ပြောင်း
၁၅။	ဒေါ်မြမြသီ	၁၃/တကန(နိုင်)၀၈၅၀၀၆	၄၈၃၊ ၂၉ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၂၉	၄၈၃	ဗိုလ်ကြီး...မောင်	ဂရန်သစ်
၁၆။	ဒေါ်ခိုင်နိုင်မော်	၉/မရမ(နိုင်)၀၂၀၁၆၈	၆၇၃၊ ၁၄ ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊	ဒဂုံအရှေ့	၁၄	၆၇၃	ဗိုလ်ကြီး...နိုင်	ဂရန်သစ်
၁၇။	ဦးစိန်လင်း+ဒေါ်ခင်စမ်းယု	၁၂/သကတ(နိုင်)၀၃၆၅၆၈	လိုင်း - ၇ ၊ အခန်း (၆)၊ ရန်ပြေ၊ သာကေတ	ဒဂုံတောင်	၁၀၆	၁၀၉၉	ဦးရွှေမောင်	ဂရန်သစ်
၁၈။	ဒေါ်စန္ဒာဝင်း	၁၂/ဗတထ(နိုင်)၀၂၇၈၁၁	၁၀၊ ရွှေပါဆန်လမ်း၊ သင်္ဃန်းကျွန်း	သင်္ဃန်းကျွန်း	၂၉-သု၀ရွှေ	၁၀	ဦးစိုးအောင်	မြေပုံကူး
၁၉။	ဒေါ်ခေတီကျာတီ + ၅	၁၂/စခန(နိုင်)၀၅၃၇၁၀	အမှတ် (၄၅)၊ မျှော်ရုံလမ်း၊ စမ်းချောင်း	စမ်းချောင်း	၂၉C	၈၂	Wazir	ဂရန်တိုး
၂၀။	ဒေါ်စန္ဒာဝင်း	၁၂/ဗတထ(နိုင်)၀၂၇၈၁၁	၁၁၈၊ ခွန်နီလမ်း၊ သင်္ဃန်းကျွန်း	သင်္ဃန်းကျွန်း	၂၉ သု၀ရွှေ (ရွှေပါဆန်)	၁၁၈၊၁၁၉၊၁၂၀၊ ၁၂၁၊၁၂၂	ဦးစိုးအောင်	မြေပုံကူး

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ			လျှောက်ထားသည့်				လျှောက်ထားသည့်အကြောင်းအရာ
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမည်မှန်

အဖဦးသန်းဝင်း၏သား မောင်ဝင်းကိုကိုဇော် [၁၀/မလမ(နိုင်) ၁၂၂၆၉၆] ၏ အမည်မှန်မှာ မောင်သန်းလွင်(ခ) ဝင်းကိုကိုဇော် ဖြစ်ပါသည်။

မောင်သန်းလွင်(ခ)ဝင်းကိုကိုဇော်။

အမည်ပြောင်းခြင်း

ဒေါ်ညွှန့်ညွှန့်ရီ [၁၂/တမန(နိုင်)၀၃၀၆၆၂] ၏သမီး အလက(၇) တာမွေ ဒုတိယတန်း(က)မှ မလမင်းအား မခိုင်ဝတ်မှုန်ဟန်ဟု ပြောင်းလဲခေါ်ပါရန်။

အမည်ဖြည့်စွက်ခေါ်ပါရန်

ဦးအောင်မြင့်၏သမီး မစန္ဒာခိုင် [၁၂/တတန (နိုင်) ၀၀၂၅၉၃]အား ယနေ့မှစ၍ မစန္ဒာခိုင်(ခ)မမြစန္ဒာခိုင်ဟု ဖြည့်စွက်ခေါ်ပါရန်။

မစန္ဒာခိုင်(ခ)မမြစန္ဒာခိုင်။



ကိတ္တိမသားအား အမွေစား/ အမွေခံအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်၊ကျွန်မတို့၏ကိတ္တိမသားဖြစ်သူ မောင်သန်းနိုင်[၁၃/လရန(နိုင်) ၁၂၄၂၄၇]သည် မိဘဖြစ်သူ၏ဆိုဆုံးမစကားကိုအကြိမ်ကြိမ်နာခံခြင်းမရှိဘဲ ၎င်း၏ဆန္ဒအတိုင်း အိမ်မှထွက်ခွာသွားပါသဖြင့် ယနေ့မှစ၍ ၎င်းအားအမွေစား၊အမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။နောက်နောင်တွင်၎င်းနှင့် ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါ။

ဖခင် – ဦးအိုက်လျှံ [၁၃/လရန(နိုင်)၀၈၅၇၉၇]
မိခင် – ဒေါ်ခင်ဇော [၁၃/လရန(နိုင်)၀၂၅၁၇၄]။

MPEC

Software Engineering & Project Management Course

• Introduction to Software Engineering • IT Architecture • Methodologies & Design Techniques • Requirement Engineering • Project Management • Software Quality Assurance • Case Studies

Time : Mon, Wed & Fri (7:30 to 9:30 am)

25% Off

Date : 27th February 2004

Ph: 502801, 505278, 539151, 668779, 668259

ဝန်ထမ်းအလိုရှိသည်

1.CHIEF ACCOUNTANT
- B.Com ,CPA
- ACCPAC (or) Peachtree Accounting Software

2.ELECTRICAL ENGINEER
- B.E (E.P)
- Electrical Installation
- Design

NAING Group Construction Co.,Ltd.

ညီမြ

ဤမိုး ဤမြေ - ၂

ဝန်ထမ်းအလိုရှိသည်

တုဘဲ၊စာအုပ်တိုက်

လှိုင်သာယာမြို့နယ်၊ (၂)ရပ်ကွက်၊ အောင်ဇေယျကြိုးတံတားအနီး တော်ဝင်အေးအရက်ချက်စက်ရုံပိုင်ရှင်ဦးအေးထွန်းသိစေရန် သတိပေးကြေညာချက်

ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ (၁၀)ရပ်ကွက်၊ စလင်းလမ်း၊ အမှတ်(၇၂/က)နေ ဒေါ်မြင့်ရီ[၁၂/လမန(နိုင်)၀၉၇၇၉၃]၏ ညွှန်ကြားချက်အရ သတိပေး ကြေညာအပ်ပါသည်။

လှိုင်သာယာမြို့နယ်၊ (၂)ရပ်ကွက်၊ မြေကွက်အမှတ်(၁၄)၊ အောင်ဇေယျကြိုးတံတားအနီး တော်ဝင်အေးအရက်ချက်စက်ရုံပိုင်ရှင် ဦးအေးထွန်းသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်ရီထံမှ တစ်အိတ်လျှင် စပါးခွံဖွဲ (၅)တင်းနှုန်းဖြင့် စပါးခွံဖွဲတင်းပေါင်း (၃၃၇၈၄၅)တင်းပါရှိသော စပါးခွံဖွဲအိတ်စုစုပေါင်း (၆၇၅၆၉) အိတ်ကို ဝယ်ယူခဲ့ရာ ဒေါ်မြင့်ရီက ဦးအေးထွန်း၏ အရက်ချက်စက်ရုံအရောက် ပေးပို့ခဲ့ပါသည်။ သို့ရာတွင် အဆိုပါ စပါးခွံဖွဲဖိုးငွေများအနက် ကျန်ငွေ- ၂၄၀၉၈၂၅ (ကျပ်နှစ်ဆယ့်လေးသိန်းကိုးထောင်ရှစ်ရာနှစ်ဆယ့်ငါးတိတိ) ကို ဒေါ်မြင့်ရီက ဦးအေးထွန်းထံသို့ အကြိမ်ကြိမ်တောင်းခံသော်လည်း ပေးအပ်ခြင်း မရှိသောကြောင့် ဤသတင်းစာ ကြေညာသည့်နေ့မှ သုံးရက်အတွင်း ဒေါ်မြင့်ရီထံသို့ စပါးခွံဖွဲဖိုးကျန်ငွေ(၂၄၀၉၈၂၅)ကျပ်တိတိကို ပေးအပ်ပါရန် တောင်းဆိုအပ်ပါသည်။ ဦးအေးထွန်းက လိုက်နာခြင်းမရှိ ပျက်ကွက်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုပေးပါရန် ဒေါ်မြင့်ရီက ညွှန်ကြားထားပါကြောင်း ဦးအေးထွန်းသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်ဦး: (B.Sc, R.L., D.B.L.)
တရားရုံးချုပ်ရှေ့နေ(၅၇၃၃)
အမှတ်(၃၈)၊ ဒုတိယထပ်(ယာ)၊ ပတ္တမြားလမ်း၊
ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်။

OD Tour

Feb 28,Mar 2,4,5

OD Style

No.52

(March - 5, 19, 26)
(March - 5, 26)
(March - 5, 26)

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်း ကြော်ငြာချက်အမှတ်(၄/၂၀၀၄)

လေယာဉ်မောင်၊ လေယာဉ်မယ်ခေါ်ယူခြင်းကိစ္စ

ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့လေကြောင်းမှ ခေါ်ယူထားသော လေယာဉ်မောင်၊ လေယာဉ်မယ်ရာထူး လျှောက်ထားသူများအနက် အပြီးသတ်လူတွေ့စစ်ဆေးမှု အောင်မြင်သူများ အမည်စာရင်းအား ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ (၁၈)ရက်နေ့ (၁၀:၀၀)နာရီအချိန်တွင် မြန်မာ့လေကြောင်း(ရုံးချုပ်) အမှတ်(၁၀၄)၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့တွင် ကြေညာပါမည်။

မြန်မာ့လေကြောင်း။

Myanmar Chefs Association
is pleased to announce

"Asian Cooking Course"

from 23.1.2004 to 22.3.2004
at "Rm(1006), (10)th Fl,
Yuzana Tower, Shwegondine"
Tel: 501123 or 728783 or 09-500-3633

ဝန်ထမ်းအလိုရှိသည်

ဝမ်းနည်းကြေကွဲခြင်း

Fortune International Limitedမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးအောင်မိုးနှင့် ဒေါ်စံစံအောင်တို့၏ မိခင် ဒုတိယဗိုလ်မှူးကြီး ဒေါ်ခင်မော် (အငြိမ်းစားဆရာမမှူး၊ တပ်မတော်ဆေးရုံကြီး မင်္ဂလာဒုံ) အသက်(၇၅)နှစ်သည် ၁၆-၂-၂၀၀၄နေ့တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးမြဟန်-ဒေါ်ခင်စပယ်ကြည်နှင့် ကုမ္ပဏီဝန်ထမ်းများ
Fortune International Ltd.

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မြကြည်

(၆၈)နှစ်

ဦးဌေးလှိုင်၊ ဒေါ်လဲ့လဲ့ဦး (မာလာမြိုင်အင်တာပရိုက်စ် လီမိတက်) တို့၏ မွေးသမိခင် ဒေါ်မြကြည်၊ အသက် (၆၈)နှစ်သည် ၁၀-၂-၂၀၀၄ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးသတိုးဟိန်း၊ ဒေါ်စိုးမာလာ
နှင့်
မြန်မာ့ဩဘာလုပ်ငန်းစုနှင့်ဝန်ထမ်းများ

EXPRESS Ph:292268

MCC STANDARD

Business and Training Centre

"Summer Course 2004"

8th March 2004

Section

Centre For Advanced Education (CAE)

e-learning

TOEFL, IELTS, SAT, General English

Windows XP, Office XP, Internet & Email, Auto CAD,

Webpage-Front Page, Dreamweavers MX, Fireworks MX

2 to 4 pm

(Dagon Tower & DNH Tower)

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မြကြည်

အသက် (၆၈)နှစ်

(ရွှေဘိုမင်းသမီး)

မာလာမြိုင် အင်တာပရိုက်စ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးဌေးလှိုင်- ဒါရိုက်တာ ဒေါ်လဲ့လဲ့ဦး တို့၏ မိခင် ဒေါ်မြကြည် (ရွှေဘိုမင်းသမီး) ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါသည်။

မာလာမြိုင်အင်တာပရိုက်စ်လီမိတက်
ဝန်ထမ်းများ။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်တိုင်း တရားရုံးတော်၌

၂၀၀၃ခုနှစ် တရားမကြီးမှုအမှတ်-၅၂၈

အာရှနေဘဏ်လီမိတက် ဦးဝင်းအောင် (ခ) မောင်ကောင်း ပါ-၄
(လမ်းမတော်ဘဏ်ခွဲ)
(၎င်း၏ကိုယ်စားဘဏ်ခွဲတာဝန်ခံဒေါ်သီတာအောင်)

တရားလို **တရားပြိုင်များ**

တရားပြိုင် (၃) ဦးအေးမင်းနှင့် တရားပြိုင်(၄) ဒေါ်သန်းသန်းမြင့် အမှတ်(၈၁)၊ သာသနာ့ရိပ်သာလမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို အာရှနေဘဏ်လီမိတက်(လမ်းမတော်ဘဏ်ခွဲ)က ဘဏ်ပေါင်ချေးငွေကျပ်(၁၈၁,၇၅၈,၉၉၃/၂၉)တိတိအတွက် အပေါင်ဒီကရီ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက် (၁၃၆၅ခုနှစ် တပေါင်းလဆန်း ၆ရက်)မွန်းမတည့်မီ(၁၀)နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသည့် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းဆိုချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ(၁၃)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြသိမ်း
တွဲဖက်တိုင်းတရားသူကြီး(၁၅)
ရန်ကုန်တိုင်းတရားရုံး။

အလှကြိုက်သူများအတွက်

ကိုယ်လုံးလှဗိုက်စည်း၊ ကော့ဆက်၊ ဗိုက်ချုပ်စကတ်၊ မိခင်လောင်းများအတွက် ဗိုက်စည်း၊ ပုံစံမျိုးစုံ အထူးချုပ်သည်။

နေသဇင်အမှတ်(၁)၊ဗညားဒလလမ်းနှင့် စက်ရုံ လမ်းထောင့်၊ (၄)လွှာ၊ ကမ္ဘောဇဘဏ် အပေါ်ထပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၀၀၄၉၁

အမည်ပြောင်းခြင်း

အမက(၂၅)သာကေတ၊ စတုတ္ထတန်း(ခ)မှ အဘဦးသန်းဇော်ထွန်း၏ သမီး မနှင်းပြည့်ဖူးဝေအား ယနေ့မှစ၍ မယဉ်မေဦးဟု အမည်ပြောင်းခေါ်ပါရန်။ **ယဉ်မေဦး။**

ရောင်းမည်

မရမ်းကုန်း၊ ကျောက်ရေတွင်း၊ ပေ 145"x65"' အိမ်အကျယ် 45"x45" စက်ရေတွင်း၊ မီတာ၊ ဖုန်းအပါအဝင် အမည်ပေါက်ပိုင်ရှင်ကိုယ်တိုင်နေသည်။ (ညီနှိုင်းဈေး) **ဖုန်း-၀၁-၆၅၁၄၃၄။**

ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံ(ဆိပ်ကမ်း)ရှိ တိုက်ခန်းများ ရောင်းလို၊ ဝယ်လို၊ ငှားလိုပါက ဖုန်းနံပါတ်-၅၉၃၃၆၉သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ငြိမ်းချမ်းရေး

TV, VIDEO, VCD

အိမ်အရောက် ပြုပြင်ပေးသည်။

No. 41, သမ္မာဒိဋ္ဌိလမ်း၊ ကျောက်မြောင်း၊ ဖုန်း-၅၄၈၁၉၇။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀နာရီမှညနေ ၄:၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂။

ဘုရား၊ ကျောင်း၊ ရဟန်းအမကြီး

ဒေါ်တင်ကြည်(၇၆)နှစ်

(ပဲခွယ်ကုန်း)

ပဲခူးတိုင်း၊ ပဲခွယ်ကုန်းမြို့၊ ခင်ကြီးစံပြကျေးရွာ (ဦးရိုက်ကြီး)၏ ဇနီး၊ ဘဒ္ဒန္တသုစိတ္တ (နည်းပြ၊နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရန်ကုန်)၏ ရဟန်းအမကြီး၊ ဦးချစ်ဆိုင် (ခင်ကြီးဆန်စက်)-ဒေါ်မြစမ်းဝင်း (ကျန်းမာရေးဆရာမ-ငြိမ်း)တို့၏ မွေးသမိခင်၊ မောင်ဆိုင်ဝင်းထွန်း၊ မမြသဲရွှေဆိုင်၊ မဒါလီမေချစ်ဆိုင်(အထက-၃၊ပဲခူး)၊ မောင်သက်ဝေဆိုင်တို့၏ အဘွားသည် ၁၄-၂-၂၀၀၄ (စနေနေ့)တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၆-၂-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ခင်ကြီးသုသာန်သို့ ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

YMBA အသင်း
(အမှုဆောင်)

ဦးကျော်ဆင့်

အသက်(၅၁)နှစ်

ဗုဒ္ဓဘာသာကလျာဏယုဝ(YMBA) အသင်း အမှုဆောင် (ရာ/၁၉၈၀)၊ ပုဇွန်တောင်မြို့နယ် ရေကျော် လမ်းနေ ဒေါ်ခင်စောဝေ၏ ခင်ပွန်းသည် ၁၇-၂-၂၀၀၄နေ့၌ ပဲခူးတိုင်း အောင်လံမြို့နယ်တွင် ကွယ်လွန်ကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့
YMBAအသင်း။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်းဒါယကာကြီး

ဦးကျော်မြင့်(၇၂)နှစ်

ဒု-အရာခံဗိုလ်(ရေတပ်၊ငြိမ်း)

ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ၊(၁၂)ရပ်ကွက်၊ အောင်သစ္စာလမ်း၊ အမှတ်(၂၈၆)နေ (ဒေါ်သန်းငွေ)၏ခင်ပွန်း၊ဦးကျော်ဆန်း(အထက၊မကြီးဇင်)၊ ဒေါ်ခင်မော်နိုင်၊ ဒေါ်မြင့်မြင့်သန်း (မြန်မာနိုင်ငံ၊လုပ်ငန်းအသင်းအဖွဲ့ချုပ်)၊ဦးဆန်းညွန့်ဦး ကုန်းပတ်မှူး(F.G)-ဒေါ်သန်းသန်းနိုင်၊ ဦးခင်ထွေး-ဒေါ်ယဉ် ယဉ်ဌေး၊ ဒေါ်ထွေးထွေးမြင့်၊(ဦးကျော်သူရ)-ဒေါ်ချိုပြုံးတို့၏ မွေးသဖခင်၊မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၇-၂-၂၀၀၄ (အင်္ဂါနေ့)နံနက် ၁၁နာရီတွင်ကွယ်လွန်ပါ၍ ၂၁-၂-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(ရွှေပေါက်ကံနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်ဝင်း အသက်(၇၀)

(သဲကုန်းမြို့)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊အရှေ့ရန်ကင်း၊(၅)လုံးတန်း၊ တိုက်(၂၁၀)၊ အခန်း(၃၁)နေ (ဦးခိုင်-ဒေါ်စောရင်)တို့၏သား၊ (ဦးဘစိန်-ဒေါ်သိန်းမေ)တို့၏သားသမက်၊ ဒေါ်ခင်သန်း၏ခင်ပွန်း၊ဦးကျော်ကျော်ဦး၊ဦးမောင်မောင်အေး(အင်ဂျင်နီယာ၊ နန်းအိမ်သူဆောက်လုပ်ရေး)-ဒေါ်စန်းစန်းမိုး၊ ဦးစိုးမိုးထွေး-ဒေါ်ဥမ္မာခင် (T.M.W. Enterprise Ltd.)၊ ဦးမောင်မောင်သွယ် (Mariner Shipping Services, Ltd.)-ဒေါ်မော်မော်ခင် (အထက် တန်းရှေ့နေ)၊ မောင်ထွန်းထွန်းဝင်းတို့၏ မွေးသဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၁၈-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့)ည ၁၁း၁၅နာရီတွင်ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်ပါ၍ ၂၀-၂-၂၀၀၄(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသိန်းချစ် (၆၆)နှစ်

ရန်ကုန်တိုင်း၊မှော်ဘီမြို့နယ်၊တပ်ကြီးကုန်းပေတရာပိုင်းနေ (ဦးမောင်မောင်-ဒေါ်ရွှေခင်)တို့၏ သား၊ ဦးသိန်းထွန်း-ဒေါ်ညွန့်ညွန့်တို့၏ညီ၊ (ဦးအောင်သိန်း)-ဒေါ်သန်းမြင့်တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊အမှတ်(၁၅)၊(၆/ခ)၊ သုခလမ်းနေဒေါ်သိန်း၏ခင်ပွန်း၊ ကိုစန်းဝင်းအောင်-ဒေါ်ညွန့်ညွန့်ခိုင်၊ မတင်မိုးနွယ်၊ မခင်သီတာဝင်း၊ မခင်သန္တာမိုး(ဆလရ)၊ မောင်ဇော်လင်းထွန်း၊ မောင်စိုးအောင်-မဥမ္မာကြည်တို့၏ဖခင်၊(ကိုထွန်းချစ်အောင်)၊ ကိုဝင်းမြင့်အောင်၊ ဗိုလ်မှူးစိုးထိုက်အောင်-မမိုးမိုးအောင်၊ မလှလှနွယ်၊မသူဇာဝင်းရွှေတို့၏ ဦးလေးသည် ၁၈-၂-၂၀၀၄ရက် နံနက်၉း၁၅နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍၂၀-၂-၂၀၀၄(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးခင်မောင်တင့်(၅၈)နှစ်

(B.A-Philosophy)

တကက စ/ရ(ငြိမ်း)

ရန်ကုန်တိုင်း၊တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်းသွယ်(၂၀)၊ အမှတ်(၁၈၁)နေ (ဦးငွေချို- ဒေါ်မြသင်း)တို့၏သား၊ ဦးခင်မောင်ရင်(ကကငွေ-ငြိမ်း)-(ဒေါ်မြအေး)၊ ဦးအောင်ဝင်း-ဒေါ်ခင်မြရင်(မင်္ဂလာဒုံမြို့နယ် ကျန်းမာရေးဌာန)၊ ဒေါ်ခင်မြမှင်(အမက-၆၊ သဃ်္ဃန်းကျွန်း)၊ ဦးခင်မောင်မြင့်၊ ဦးခင်မောင်မောင် (မြို့နယ်ဥပဒေအရာရှိ၊ ဗိုလ်တထောင်မြို့နယ်)-ဒေါ်တင်တင်ရီတို့၏ညီ/အစ်ကို၊ (ဒေါ်ခင်ညိုနွဲ့)၏ခင်ပွန်း၊ မခင်သီတာသင်း၏ဖခင်၊ မခင်ခင်မော်၊ မောင်အောင်မျိုးထွဋ်၊ မခင်ဝတ်မှုံသင်း၊ မောင်ဇော်ထွဋ်မောင်တို့၏ ဘကြီးသည်၁၈-၂-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၂၀-၂-၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်နန်းနော်ဟိန်း(၅၁)နှစ်

ရန်ကုန်မြို့၊ အမှတ်(၃၁/ခ)၊ ကမာကြည်လမ်းသွယ်၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏနေ(ဦးစိုင်းမြတ်ဟိန်း)-ဒေါ်စဝ်ကြည်မေတို့၏ သမီးဦး၊ (ဦးအုံးစိန်-ဒေါ်ကျင်မှုံ)တို့၏သမီးချွေးမ၊ ဒုတိယဗိုလ်မှူးကြီးအောင်ကြီး (ငြိမ်း)၏ဇနီး၊ မောင်သန်းထွဋ်အောင်(ရေကြောင်းပညာသိပ္ပံ)၊ မမေမြတ်အောင်(သတ္တမတန်း-A၊ အထက၊ သုဝဏ္ဏ)တို့၏ မိခင်သည်၁၉-၂-၂၀၀၄ ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၁-၂-၂၀၀၄ရက် နံနက် ၁၀နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယိကာမကြီး

ဒေါ်အေးကြည် (၉၃)နှစ်

ရန်ကုန်တိုင်း၊စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊အမှတ်(၃၉)နေ (ဦးဘိုးဆိုင်-ဒေါ်စိန်ခ)တို့၏ သမီးကြီး၊ (ဦးဘအုံး-ဒေါ်လှိုင်)၊ (ဦးထွန်းဘွင့်-ဒေါ်မြမေ)၊ (ဦးစိန်-ဒေါ်ချစ်သန်း)တို့၏ ညီမ၊ (ဦးပွ)၊ (ဦးဘဘ)-ဒေါ်နီ၊ (ဦးကျော်ခင်)-ဒေါ်ခင်ရီ၊ (ဦးကျင်ဝမ်း-ဒေါ်မြကြည်)၊ (ဦးမျိုးလွင်)-ဒေါ်ခင်သန်း၊ ဦးယုဌေး-ဒေါ်မြသိန်းတို့၏အစ်မကြီး၊တူ၊တူမ၃၂ယောက်တို့၏ကြီးမေသည် ၁၈-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့)နံနက်၁၀း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်ပါ၍ ၂၀-၂-၂၀၀၄(သောကြာနေ့)နံနက်၁၁နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၁၀နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ယုစောလျုံ(ခ)ဒေါ်အေး အသက်(၉၁)နှစ်

ရန်ကုန်မြို့၊လသာမြို့နယ်၊(၈)ရပ်ကွက်၊ (၂၃)လမ်း၊ အမှတ်(၁၃၃)၊ ပ-ထပ်နေ (ဦးတန်ချောကောင်း)၏ဇနီး၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၃)ရပ်ကွက်၊ စဉ့်အိုးတန်းလမ်း၊အမှတ်(၂၂)မြေညီထပ်နေ ဦးမောင်မောင်ခိုင်-ဒေါ်ကြည်ကြည်မြ၊ (ဦးမောင်မောင်ခိုင်မိသားစုပွဲရုံ၊စ/၅၃၊စိန်ပန်းလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း)၊ ဦးစံမြင့်(ခ) ဦးလှိုင်ဝင်း-ဒေါ်အေးကြည်၊ဦးသန်းလှိုင်-ဒေါ်ခင်စန်းရီ၊ဒေါ်သန်းသန်းမေ-ဦးကျော်လွင်၊ ဒေါ်သန်းသန်းခင်-ဦးစိုးမြင့်၊ဒေါ်သန်းသန်းစိန်-ဦးတင်အုန်း (ထိုက်စံရတ်သီးဆိုင်၊ညောင်ပင်လေးဈေး)တို့၏ မိခင်၊ မြေး ၁၉ယောက်၏အဘွား၊ မြစ်တစ်ယောက်၏ ဘေးမသည်၁၆-၂-၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍ ၂၀-၂-၂၀၀၄(သောကြာနေ့) နံနက်၁၁နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

Pi Sui Nawn(JohnNu) အသက်(၆၀)

ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ တလန်ခွားရွာနေ (Pu Tluang Chum-Pi Dar Tang)တို့၏သမီး၊ကလေးမြို့နေ Pi Dar Iang၊ Pi Khen Tial (Fam Ci)တို့၏ညီမ၊Pu Lian Cung၊Pi Ngun Tlen၊ (Pu Cong Mang)တို့၏ အစ်မ၊ Saya John (B.Th, M. Div)-Noami ဒေါ်ဆန္ဒာဝင်း၊ Mary- Van Chawn Hre Ling Elizabeth (B.Th, B.A) တို့၏မိခင်၊ Pu Hram Al(ဆေးမှူး)၏ ဇနီးသည်၁၈-၂-၂၀၀၄ရက်နံနက် ၆နာရီတွင် အမှတ်(၄၂)၊ အာသောကလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၂-၂-၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခန်းမ၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသဂြိုဟ်ပါမည်။ (အမှတ်(၄၂)၊ အာသောကလမ်း၊ နတ်ချောင်း ရပ်ကွက်၊ တာမွေ၊ ရန်ကင်း၊ သာယာရွှေပြည်ရိပ်မွန်၊ ခြံအမှတ်(၆) သာယာရွှေပြည်လမ်း၊ ယုဇနဥယျာဉ်မြို့တော်၊ (၇)လမ်း(B)၊ မြောက်ဒဂုံ၊(၄၆)လမ်းဆုံမှတ်တိုင်၊အင်းစိန် MIT ကျောင်းရှေ့များမှ ကားများမွန်းလွဲ ၁နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စန်း အသက်(၆၀)

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၁၈၉)၊ (တတိယထပ်)နေ (ဦးယုဟုတ်-ဒေါ်လုကျင်)တို့၏ သမီးကြီး၊ ဒေါ်စောအေး၊ ဒေါ်သင်းသင်းခိုင်၊ ဒေါ်ဌေးဌေး၊ ဦးမြင့်မော်-ဒေါ်အေးအေးမာ၊(မစန်းမြင့်)၊ ဒေါ်မြမြသန်း(မြန်မာ့သစ်လုပ်ငန်း၊ အင်/ယာဌာန)၊ ဒေါ်စန်းစန်းညွန့် (အလက-၁၊ ကျောက်တံတား)တို့၏အစ်မကြီး၊ အမှတ်(၂၂၇/ခ)၊ကျောက်စိမ်းမြတ်ရတနာလမ်း၊ (၅၆)ရပ်ကွက်၊ ဒဂုံမြို့သစ် တောင်ပိုင်းနေ ဦးယုတင်-ဒေါ်တင်နွဲ့မူ၊ဒေါ်ဆွေဆွေယု-ဦးအေးကို၊ဦးသန့်ဇင်ယု(MADI၊စက်မှု-၂)-ဒေါ်တင်တင်ယု၊ ဦးတေဇာယု-ဒေါ်အိအိဇော်တို့၏ မိခင်၊ မြေးခုနစ် ယောက်တို့၏အဘွားသည်၁၇-၂-၂၀၀၄ရက် ည၉း၄၀နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၁-၂-၂၀၀၄ရက် နံနက်၁၁နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(တောင်ဒဂုံ နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုတင်ဝင်းအောင်(ခ) ကိုမောင်မောင် (၃၄)နှစ်

(တောင်ကုတ်)

ရန်ကုန်မြို့၊အမှတ်(၃၁၁/၃)၊ဗညားဒလလမ်းနေ ဦးဖိုးတင်-ဒေါ်တင် စိန်တို့၏သား၊(ဦးအေးထွန်းကြီး)-ဒေါ်လှတင်တို့၏သားသမက်၊ အမှတ်(၃/ဘီ)၊၁၄၅ လမ်းနေ ဒေါ်ဝါဝါရီ၏ ခင်ပွန်း၊ မောင်ကောင်းရန်ထက်(VI-A၊အထက-၆၊ဗိုလ်တထောင်)၏ ဖခင်၊ ကိုအောင်နိုင်ဝင်း(ခ) ညီချော၊ မသန်းသန်းဌေး(ခ)ပုမ - ကိုကျော်မြင့်တို့၏ အစ်ကို၊ မခိုင်သဥ္ဇာနိုင်ဝင်း (IV-B၊အထက-၅၊ ဗိုလ်တထောင်)၊ မောင်ထက်ဦးလွင်တို့၏ ဘကြီး၊ ဦးညီညီ-ဒေါ်တင်တင် (ကောင်းစံရေတိုင်ကီ) တာမွေတို့၏ ညီသည် ၁၈-၂-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၀-၂-၂၀၀၄ (သောကြာနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများမွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ပုလေး(၉၁)နှစ်

(ထားဝယ်)

ထားဝယ်မြို့နေ(ဦးရွှေတိုက်-ဒေါ်ဒွေးရင်)တို့၏သမီး၊ (ဦးစိန်တင်) မြို့မခေတ်ပုံ၏ ဇနီး၊ ရန်ကုန်မြို့၊ အမှတ်(၉၄)၊၄လွှာ(ခေါင်းရင်း)၊ ဣန္ဒာသယလမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ တာမွေမြို့နယ်နေ မခင်သန်းရှင်(ဒေါ်သန်း)၊ မမြင့်မြင့်စိန်(မစိန်)တို့၏ မိခင်ဒေါ်ပုလေးသည် ၁၉-၂-၂၀၀၄(ကြာသပတေးနေ့)နံနက် ၉နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၁-၂-၂၀၀၄(စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၉နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အုန်း (၇၅)နှစ်

ကျွန်းကလေးကျေးရွာ

(ပွတ္တလစ်)

လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာနေ (ဦးမောင်နံ့-ဒေါ်ခင်စိန်)တို့၏သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ တင့်ဆန်းလမ်း၊ အမှတ်(၄)နေ ဦးကျော်တင့်၏ ဇနီး၊ ကိုတင်မြင့်-မအုန်းမြင့်၊ ကိုမြင့်ဇော်-မသန်းသန်းမြင့်၊ ကိုသောင်းဆင့်-မစန္ဒာဦး၊ ကိုရဲမင်းထွန်း-မဥမ္မာကျော်တင့်၊ ကိုလှမိုး-မဥမ္မာဇင်တို့၏ မွေးသမိခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၇-၂-၂၀၀၄ရက် ၅း၄၃နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၂-၂၀၀၄ (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်မာလာထင်(ဘူချီ) အသက်(၅၇)နှစ်

သန်လျင်မြို့၊ အမှတ်(၁)၊ မဥ္ဇူလမ်း၊ ဒါရ်ဂါရပ်ကွက်နေ(ဦးအေးမောင်-ဒေါ်စန်းရီ)တို့၏ သမီး၊ သထုံမြို့နေ (ဦးလှအေး-ဒေါ်သိန်းတင်)တို့၏ သမီးချွေးမ၊ ဦးထွန်းမြင့် (MPE၊စွမ်းအင်ဝန်ကြီးဌာန)၏ ဇနီး၊ (မောင်သန်းနိုင်ထွေး - မယုဇနထွန်း)၊ မောင်ဝဏ္ဏထွန်း၊ မောင်ဗညားထွန်း၊ မောင်ကျော်စွာထွန်း၊ မမေသဇင်ထွန်း၊ မထရီဇာထွန်းတို့၏ မိခင်၊ မဟန်နီဦး၏ အဘွား ဒေါ်မာလာထင်သည် ၁၉-၂-၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၀-၂-၂၀၀၄ (သောကြာနေ့) မွန်းလွဲ၂နာရီတွင် သန်လျင်မြို့ ခရစ်ယာန်သချိုင်းသို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးမျိုးထွဋ်(၅၂)နှစ်

မျိုးထွဋ်ရောင်းဝယ်ရေး

(ပြည်)

ပြည်မြို့၊အမှတ်(၁၉၈)၊ လမ်းမတော်လမ်းနေ(ဦးဟုတ်စိန်-ဒေါ်သောင်းကြည်)တို့၏သားကြီး၊ ဒေါ်မွန်မွန်လင်း၏ ခင်ပွန်း၊ မောင်ရဲလင်းထွဋ်၊ မောင်အာကာထွဋ်၊ မစုစံလင်းထွဋ်တို့၏ မွေးသဖခင်၊ ဦးကြင်စိန်-ဒေါ်ရီရီဝင်း၊ဦးခင်ကျော်တင့်-ဒေါ်တင်ဆွေဝင်းတို့၏မောင်၊ ဒေါ်ခင်မြတ်မွန်၊ဦးမျိုးသန့်- ဒေါ်ဖြူဖြူတို့၏ အစ်ကိုကြီးသည် ၁၈-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ည ၁၁း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၂၀-၂-၂၀၀၄ (သောကြာနေ့) ညနေ ၃နာရီတွင် ပြည်မြို့ ကန်သာဦးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ကိုစိန်မောင်း (၃၆)နှစ်

သစ်ဆန်းကဖီး

မန္တလေးတိုင်း၊ပုဂံ-ညောင်ဦးမြို့နယ်၊ အရာတော်ကျေးရွာနေ (ဦးမောင်စွာ)-ဒေါ်မယ်စိန်တို့၏သား၊ဦးလှရွှေ-(ဒေါ်မြကြည်)တို့၏ သားသမက်၊ ဦးအောင်နု-ဒေါ်ပွမ်းပုံ၊ ဦးစိန်ဒေါင်း-မကြည်ချွေး၊ ဦးစိန်သောင်း-ဒေါ်သန်းဌေး၊ဦးမောင်စု-ဒေါ်ညိုတို့၏ ညီ/ မောင်၊ မောင်ဟန်မောင်သိန်း-မကုလားမစိန်တို့၏ အစ်ကို၊ တူ၊တူမကိုးယောက်တို့၏ဦးလေး၊ အမှတ်(၆၅)၊လေးထောင့်ကန်လမ်း၊စသုမင်္ဂလာရပ်ကွက်၊ သဃ်္ဃန်းကျွန်းနေ ဒေါ်မာမာကြူ၏ခင်ပွန်းသည်၁၇-၂-၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍ ၂၁-၂-၂၀၀၄(စနေနေ့) နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(သဃ်္ဃန်းကျွန်းနေအိမ်မှ ကားများ နံနက်၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်မြကြည် (၆၈)နှစ်

ရွှေဘိုမင်းသမီးသနပ်ခါး

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ နွယ်နီလမ်း၊ အမှတ် (၁၂)နေ (ဦးသာဖေ-ဒေါ်စိန်းရင်)တို့၏ သမီး၊ (ဦးထွန်းဖံ-ဒေါ်သိန်း)တို့၏ သမီးချွေးမ၊ (ဒေါ်ကြင်စိန်)၏ ညီမ၊ ဦးတင်မောင်(Thoresen Timber Ltd & D.L.H Group A/S)၏ဇနီး၊ မယုယုမော်(3rd year Cosmetics IC)၊ မောင်ကျော်စွာထွန်း(1st year UFL)၊ မောင်ပြည့်ဖြိုးကျော်(ထ-၃၊ ဒဂုံ၊ XA)၊ မောင်အောင်ဖုန်းမြတ်(ထ-၃၊ ဒဂုံ၊ XA)၊ မောင်သော်တာထွန်း(ထ-၂၊ ဗဟန်း၊ IX A)၊ မောင်ထက်ပိုင်(လ-၁၊ ဒဂုံ၊ VIIF')၊ မဆုလာဘ်ထွန်း(ထ-၂၊ ဗဟန်း၊ V စိန်)၊ မောင်စည်သူအောင်(လ-၁၊ဒဂုံ၊ V D)၊ မောင်ထက်ဝန်းကိုကို(လ-၁၊ ဒဂုံ၊ IIIF)၊ မောင်အောင်ခန့်(လ-၁၊ ဒဂုံ၊ IIIF)၊ မောင်လဝန်းမောင်မောင်(မ-၂၆၊ မင်္ဂလာဒုံ၊ II A)၊ မသိမ့်သဥ္ဇာကို(လ-၁၊ ဒဂုံ၊ KGF)၊ မသိန်သရေ(ဝိုင်းမူကြို)၊ မခိုင် သဥ္ဇာညီ၊ မောင်ရှင်းသန့်မောင်မောင်တို့၏အဘွား ရွှေဘိုမင်းသမီးသနပ်ခါး မိခင်ကြီး ဒေါ်မြကြည်သည် ၁၈-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၄နာရီတွင် အာရုတော်ဝင် နှလုံးအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၀-၂-၂၀၀၄ ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း ဒါယကာကြီး

ဦးလှဖေ(ခ)ဦးကုလားကြီး

(အငြိမ်းစား)

အသက်(၈၂)နှစ်

အထက(၁) ဒေါပုံမြို့နယ်

ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ အမှတ်(၂၉)၊ အောင်တံခွန်လမ်းနေ ဒေါ်သန်းညွန့်(ခ)ဒေါ်သီ၏ ခင်ပွန်း၊ အရာခံဗိုလ် သန်းနိုင်(ငြိမ်း)-(ဒေါ်ခင်ဌေးဝင်း)၊ ဦးဝင်းမြင့်- ဒေါ်ဘေဘီသန်း၊ အရာခံဗိုလ် ဦးအောင်ဝင်း-ဒေါ်ခင်ပြုံးရီ၊ ဦးဆန်းဦး(ဆသရ)-ဒေါ်လှလှဝင်း(အမက-၂၊ဒေါပုံ)၊ ဦးဝင်းတင် (အမက-၁၄၊ မင်္ဂလာတောင်ညွန့်)၊ ဒေါ်ဌေးဌေးဝင်း၊ ဦးဖေဝင်း(ခ) မောင်အော်-ဒေါ်ခင်သန်းအေး၊ ဦးသန်းအောင်လွင်-ဒေါ်ခင်ခင်ဝင်း တို့၏ ဖခင်၊ မြေး ၁၇ယောက်၊မြစ်လေးယောက်တို့၏အဘိုးသည် ၁၉-၂-၂၀၀၄(ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်ပါ၍ ၂၁-၂-၂၀၀၄(စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုဟ်မည် ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီ ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးညိုလှိုင် (၇၂)နှစ်

ပန်းတောင်းမြို့

ပြည်ခရိုင်၊ ပန်းတောင်းမြို့၊ ကြခပ်ရပ်နေ (ဦးမောင်တင်-ဒေါ်လှတင်)တို့၏ သား၊ (ဦးစံချိန်-ဒေါ်စံမယ်)တို့၏ သားသမက်၊ ဒေါ်လှငွေ၏ ခင်ပွန်း၊ ဦးစိုးမြင့်(ထွေ/အုပ်)-ဒေါ်ရီရီလှိုင်(ထွေ/အုပ်)၊ ဦးဇော်တင့်(MEPE၊ လက်ပံတန်း)၊ ဦးရဲဝင်း(MEPE၊ဖျာပုံ)-ဒေါ်ဌေးဌေးဝင်းတို့၏ ကျေးဇူးရှင်ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုး ဦးညိုလှိုင်သည် ၁၈-၂-၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍ ၂၀-၂-၂၀၀၄ရက် ညနေ ၃နာရီတွင် ပန်းတောင်းမြို့ အမှတ်(၁)သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

အလီရာဂျာ(ခ)ဦးထွန်းကြည် အသက်(၆၅)နှစ်

ကန်ထရိုက်တာ

ရန်ကုန်မြို့၊ အမှတ်(၅၈)၊၄၁လမ်း၊ ဗိုလ်တထောင်မြို့နယ်(ဦးအရှရက်အလီ-ဒေ မရီယမ်)တို့၏တတိယမြောက်သား၊ ဒေါ်လတီဖာ(ခ)ဒေါ်တီ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးထွန်းရွှေ-ဒေါ်ဌေးဌေးမြင့်၊ဦးခင်မောင်မြင့်-ဒေါ်ဝင်းဝင်းအေး၊ ဦးကျော်စိန်-ဒေါ်ချို၊ဦးစိုးမြင့်-ဒေါ်သန်းသန်းအေး၊(ဦးထွန်းငွေ)-ဒေါ်တင်တင်မြင့်တို့၏ဖခင်၊ မြေး၁၁ယောက်တို့၏ အဘိုးသည် ၁၇-၂-၂၀၀၄ရက် ည၁၀း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၁၈-၂-၂၀၀၄ရက် ဇဟိုရ်နာမာတ်အပြီး အလီဂျန်ဗလီမှ ရေဝေးကဘာရ်စတန်တွင်ဒါဖနာသဂြိုဟ်ပြုလုပ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး

ဒေါ်မြင့်မြင့်သောင်း (၅၁)နှစ်

(လက်ပံတန်း၊ဇီးဖြူကုန်း)

ပဲခူးတိုင်း၊ လက်ပံတန်းမြို့နယ်၊ အုန်းကုန်းရွာနေ ဦးမောင်သောင်း-(ဒေါ်လှရီ)တို့၏ သမီး၊ သရက်ကုန်းရွာနေ (ဦးစံဖဲ)-ဒေါ်ခင်သောင်းတို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ၅၄ရပ်ကွက်၊ မဥ္ဇူလမ်း၊ အမှတ်(၁၄၁၅)နေ ဦးသန်းထွန်း [မန်နေဂျာ(သယ်ပို့)ကုန်ပို့ဆောင်ရေးဌာနခွဲ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး]၏ဇနီး၊ ကိုတင်စိုးဦး-မမျိုးမျိုးသန်း၊ မဆွေဆွေသန်း (အလပြ-သုံးခွ၊ စစ်ကိုင်းစုကျေးရွာ)၊ မောင်ခင်မောင်သန်း(E.M.I Co., Ltd.)တို့၏ချစ်လှစွာသော မွေးသမိခင်၊ မောင်ပြည့်ဖြိုးဦး၊ မဆုမြတ်မွန်တို့၏ အဘွားသည် သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ၁၈-၂-၂၀၀၄ရက် ညနေ၃း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၂-၂၀၀၄ ရက် ညနေ၃နာရီတွင် စံပြဆေးရုံကြီး အအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ရှုရပ် (၈၂)နှစ်

(ပခုက္ကူ)

ရန်ကုန်မြို့၊ အမှတ်(၂၇/D)၊ ဝါယာလက်(၂)လမ်း၊ ကမ္ဘာအေး၊ မရမ်းကုန်းမြို့နယ်နေ ဦးလောက်စိုး၏ဇနီး၊ (ဦးယုံပါ)-ဒေါ်စန်းစန်းဝင်း၊ ဦးမြင့်ဆွေ-ဒေါ်အေးအေးဝင်း၊ ဦးကျင်သိန်း-ဒေါ်မြင့်မြင့်သန်း၊ ဦးဇော်နိုင်-ဒေါ်ဝင်းဝင်းဌေး၊ ဦးသက်နိုင်-ဒေါ်စန်းစန်း၊ ဦးခင်မောင်ဝင်း-ဒေါ်ဖြူဖြူဝင်းတို့၏ မွေးသမိခင်၊ မြေး၁၅ယောက်တို့၏အဘွားသည် ၁၈-၂-၂၀၀၄ရက် နံနက် ၁၁း၅၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၀-၂-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရားကျောင်း ဒါယိကာမကြီး

ဒေါ်လှတင် (ခ) ဒေါ်အော အသက်(၈၂)နှစ်

(တိုက်ကြီး)

တိုက်ကြီးမြို့နေ(ဦးဘေချူ-ဒေါ်ခင်စော)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ မြေနီလမ်း၊ ခြံအမှတ် (၃)နေ [ဦးမြင့်(ခ)ဦးရန်ဝက်]၏ ဇနီး၊(ဦးရောက်တန်း)-ဒေါ်ကျင်ဝမ်၊ ဦးဘင့်ရုတ်-ဒေါ်ရှုပ်ဝှါ၊ ဦးကျင်ရှိန်-ဒေါ်တင်စိန်၊ ဦးယုရုံ-(ဒေါ်တင်ကြည်)၊ ဦးလှမြင့်-(ဒေါ်မြင့်)၊ ဒေါ်သန်းလွင်၊ ဒေါ်ကျင်သိန်း၊ ဒေါက်တာခင်မောင်လတ်-ဒေါ်ခင်နှင်းအေးတို့၏ အစ်မကြီး၊ ဒေါက်တာဖေခင်- ဒေါ်နွေနွေခင်၊ ဦးမြင့်လွင်-ဒေါ်ခင်မိုးအေး၊ ဦးဝင်းလှိုင်-ဒေါက်တာခင်မေဝင်းတို့၏ မွေးသမိခင် မြေးငါးယောက်တို့၏ အဘွားသည် ၁၆-၂-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၂-၂-၂၀၀၄ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် တိုက်ကြီးသုသာန်၌ အရိုးပြာအိုးကို ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန်၊ ဇရပ်ဒါယကာကြီး

ဦးသိန်းလွင် (၈၁)နှစ်

အမှတ်(၂၇)၊ မြေညီထပ်(၂၁)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးကုတ်ချိန်း-ဒေါ်ကြင်မြိုင်)တို့၏ သားကြီး၊ ဒေါ်မြကြည်၏မောင်၊ ဦးခင်မောင်လတ်၊ ဦးမောင်မောင်သန်း(ရန်ကုန်)၊ ဒေါ်ဟယ်လင်အောင်တို့၏အစ်ကို၊ ဒေါ်ရှုတင်၏ ခင်ပွန်း၊ ဦးရွှေဝင်း-ဒေါ်ခင်ထွေး၊ ဦးလှသိန်း-ဒေါ်ဝင်းဝင်းကြည်၊ ဦးဝင်းသိန်း-ဒေါ်နန်းနွဲ့မွမ်းတို့၏ ဖခင်၊ မြေး ခြောက်ယောက်တို့၏ အဘိုး ဦးသိန်းလွင်သည် ၁၈-၂-၂၀၀၄ရက် မွန်းလွဲ ၁၂း၃၅နာရီတွင် အာရုတော်ဝင်နှလုံးနှင့် အထွေထွေရောဂါကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၀-၂-၂၀၀၄(သောကြာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုကျော်သူခင် (၃၉)နှစ်

(ရွှေပြည်နန်း)

ကျောက်တန်းမြို့နယ်ရာသက်ပန်အသင်းဝင်

(တောင်လုံးပြန်)

ရန်ကုန်မြို့၊ တောင်လုံးပြန်ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၂၆)နေ မြူနီစပါယ်လူကြီးရှေ့နေ (ဦးဘညွန့်-ဒေါ်စိန်ထွေး)တို့၏ မြေး၊ ဦးသိန်းဖေ-ဒေါ်မေမေခင်၊ (ဦးမျိုးမြင့်ခင်)-ဒေါ်သန်းသန်းဝင်းတို့၏ သား၊ ဒေါ်အေးအေး၏ တူ၊ မနွယ်နွယ်ခင်၏ မောင်၊ မနီလာဦး၏ အစ်ကို၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၁)၊ ဇဋိလ(၁)လမ်း၊အမှတ်(၁၀၂၀)နေ (ဦးကျော်တင်အေး)-ဒေါ်သန်းရင်တို့၏ သားသမက်၊ မအေးအေး၏ ခင်ပွန်း၊ မောင်ပြည့်ဖြိုးသူ (အထက-၁၊သဃ်္ဃန်းကျွန်း၊ VIII-D)၊ မောင်ကောင်းဆက်သူ (အမက-၈၊ သူငယ်တန်း၊C)တို့၏ ဖခင်သည် ၁၈-၂-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၀-၂-၂၀၀၄ (သောကြာနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ နယနမဟာထေရ်

သိက္ခာတော်(၅၃)ဝါ၊ သက်တော်(၇၃)နှစ်

ကျေးရွာအုပ်စုသံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်

ဟဲဟိုးမြို့၊ ကလောမြို့နယ်

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်၊ ဟဲဟိုးမြို့ ကျောက်ရေအိုင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက လဋ္ဌိပေသလသိက္ခာကာမဝိနယဂရုကဖြစ်တော်မူသော ဘဒ္ဒန္တနယနမဟာထေရ် ဆရာတော်သည် ၁၃၆၅ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ရက်၁၈-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ၄နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (စျာပနရက်အား ထပ်မံကြေညာပါမည်။) တပည့်ဒါယကာ၊ ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ဘဒ္ဒန္တ ဝါယမဗောဓိသိဒ္ဓိမဟာထေရ်

သိက္ခာတော်(၆၆)ဝါ၊ သက်တော်(၉၀)

အုတ်ဖိုမြို့၊ ငှက်ပစ်တောင်ကျောင်းသစ်ကျောင်း

ပဲခူးတိုင်း၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့၊ ငှက်ပစ်တောင်ကျောင်းသစ်ကျောင်း ဆရာတော် ဘဒ္ဒန္တဝါယမဗောဓိသိဒ္ဓိမဟာထေရ်မြတ်သည် (၁၃၆၅ခု၊ တပို့တွဲလပြည့်ကျော် ၁၂ရက်)၊ ၁၇-၂-၂၀၀၄ (အင်္ဂါနေ့) နံနက် ၁း၂၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ၂၃-၂-၂၀၀၄ ညနေ ၃နာရီတွင် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို အုတ်ဖိုမြို့၊ ငှက်ပစ်တောင်ကျောင်းသစ်ကျောင်း၌ အန္တိမစျာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပ ပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဂေါပကအဖွဲ့နှင့် တပည့် ဒါယကာ၊ ဒါယိကာမများ။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်စန်းစန်းမြင့်(ဘိုမ) (၇၄)နှစ်

M.A (History)

(မော်လမြိုင်)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ သီရိမာလာလမ်းသွယ်၊ အမှတ်(၅၆/ဒီ-၂)နေ (ဦးနန်း-ဒေါ်စိန်ရင်)တို့၏ သမီး၊ (ဦးနီကော-ဒေါ်ဒေါ်ယုန်)တို့၏ သမီးချွေးမ၊ (ဦးဖေမောင်ဝင်း-ညွန်ကြားရေးမှူး/ဘိလ်ပ်လာ)၏ဇနီး၊ ဦးစိုးဟိန်း-ဒေါ်အေးအေးမြင့်၊ (ဗိုလ်မှူးတင့်ဆွေ)-ဒေါ်မယ်မယ်မြင့်တို့၏အစ်မ၊ ဒေါက်တာခင်မာလာဝင်း-ဒေါက်တာဉာဏ်ထွဋ်၊ဒေါက်တာဖေရှိန်ဝင်း-ဒေါက်တာတင်တင်ဝင်း၊ ဒေါက်တာဖေသက်ဝင်း- ဒေါက်တာမိုမိုလှိုင်တို့၏ကျေးဇူးရှင်မွေးသမိခင်၊မောင်စိုးစံဝင်း(X-S၊ ထ-၂၊ ဗဟန်း)၊ မောင်လရောင်ဝင်း၊ မဖြူမင်းသက်(VIII-A ၊ ထ-၂၊ ဗဟန်း)၊မကေလာလှိုင်ဝင်းတို့၏ အဘွားသည် ၁၇-၂-၂၀၀၄ရက် ည ၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၂-၂၀၀၄ (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်မြကြည် (၆၈)နှစ်

ရွှေဘိုမင်းသမီးသနပ်ခါး

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ နွယ်နီလမ်း၊ အမှတ်(၁၂)နေ (ဦးသာဖေ-ဒေါ်စိန်းရင်)တို့၏ သမီး၊ (ဦးထွန်းဖံ-ဒေါ်သိန်း)တို့၏ သမီးချွေးမ၊ (ဒေါ်ကြင်စိန်)၏ ညီမ၊ ဦးတင်မောင်(Thoresen Timber Ltd & D.L.H Group A/S)၏ ဇနီး၊ ဦးဌေးလှိုင်[အုပ်ချုပ်မှုဒါရိုက်တာ-မာလာမြိုင် အင်တာပရိုက်(စ်)] - ဒေါ်လဲ့လဲ့ဦး[ဒါရိုက်တာ-မာလာမြိုင် အင်တာပရိုက်(စ်)]တို့၏ မိခင်ကြီး၊ မောင်ကျော်စွာထွန်း(ပထမနှစ်၊ နိုင်ငံခြားဘာသာတက္ကသိုလ်)၊ မောင်သော်တာထွန်း(နဝမတန်း-A၊ ထ-၂၊ ဗဟန်း)၊ မဆုလာဘ်ထွန်း(ပဉ္စမတန်း၊ စိန်၊ထ-၂၊ဗဟန်း)တို့၏အဘွား၊ ရွှေဘိုမင်းသမီးသနပ်ခါးမိခင်ကြီး ဒေါ်မြကြည်သည် ၁၈-၂-၂၀၀၄ရက် နံနက် ၄နာရီတွင် အာရုတော်ဝင် နှလုံးအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၀-၂-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်မြကြည် (၆၈)နှစ်

ရွှေဘိုမင်းသမီးသနပ်ခါး

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ နွယ်နီလမ်း၊ အမှတ် (၁၂)နေ (ဦးသာဖေ-ဒေါ်စိန်းရင်)တို့၏ သမီး၊ (ဦးထွန်းဖံ-ဒေါ်သိန်း)တို့၏ သမီးချွေးမ၊ (ဒေါ်ကြင်စိန်)၏ ညီမ၊ ဦးတင်မောင်(Thoresen Timber Ltd & D.L.H Group A/S)၏ ဇနီး၊ ဦးအောင်ကျော်ဦး-ဒေါ်အေးအေးမြင့်၊ ဦးဌေးလှိုင်-ဒေါ်လဲ့လဲ့ဦး(Malar Myaing Enterprise Co., Ltd)၊ ဦးမြတ်ကိုကို-ဒေါ်အေးမြင့်၊ ဦးမြတ်ညီညီ-ဒေါ်ခင်မာဝင်း၊ ဦးမြတ်သူ-ဒေါ်နီနီစော၊ ဦးမောင်မောင်စိုး-ဒေါ်မြတ်သီတာ၊ ဦးထင်ဇော်-ဒေါ်ချိုချိုမြင့်၊ ဒေါ်သန်းမြင့်တို့၏မိခင်ကြီး၊ မြေး ၁၅ယောက်တို့၏အဘွား ရွှေဘိုမင်းသမီးသနပ်ခါးမိခင်ကြီး ဒေါ်မြကြည်သည်၁၈-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၄နာရီတွင် အာရုတော်ဝင်နှလုံး အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၀-၂-၂၀၀၄(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး

ဒေါ်ဝင်း (၆၈)နှစ်

ရန်ကုန်တိုင်း၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ အမှတ်(၆၃)၊ ဖားရွှေကျော်လမ်း၊ (၅) ရပ်ကွက်နေ (ဦးပု-ဒေါ်လှတင်)တို့၏ သမီး၊ (ဦးအောင်သိန်း)၏ဇနီး၊ ကိုလှကြည်-မခင်စန်းဝင်း၊ ကိုအုန်းသန်း-မဌေးဌေးလှိုင်၊ ကိုအောင်သန်းဝင်း-မမာမာသန်း၊ ကိုဝင်းဌေး-မသန်းသန်းမြင့်၊ ကိုဇော်ဝင်း-မမြင့်မြင့်မော်၊ ကိုတင်ဝင်း-မတင်တင်စန်း၊ (ကိုကျော်စိုး)၊ ကိုဖုန်းလွင်-မမိုးမိုးခိုင်၊ ကိုမြတ်သူ-မဝါဝါစိုး၊ ကိုရန်နောင်မျိုး-မခင်နန်းလင်းတို့၏မွေးသမိခင်၊ မြေး ၂၀ယောက်၊ မြစ် သုံးယောက်တို့၏အဘွားသည် ၁၇-၂-၂၀၀၄ရက် နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၂-၂၀၀၄ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးပီတာလွန်ပုမ် (၄၉)နှစ်

အင်ဂျင်နီယာဌာန

နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်

စည်ပင်သာယာရေးဝန်ကြီးဌာန

ရန်ကုန်မြို့၊ တိုက်(၅)၊ အခန်း(၁၀)၊ ဦးဝိစာရအိမ်ရာနေ (ဦးလွန်ပုမ်)-ဒေါ်ကျင်ခိုတင်တို့၏ သားထွေး၊ ဗိုလ်မှူးချုပ်မျိုးတင်-ဒေါ်ဟယ်လင်၊ (ဒေါ်ဘက်တီ)၊ (ဦးဆဲမ်)၊ ဦးရစ်ချတ်-ဒေါ်သန်းအေးတို့၏ ညီ/မောင်၊ ဒေါ်မေရီ၊ ဗိုလ်မှူးငိုယတွန်-ဒေါ်စင်သီယာ၊ဒေါ်ဒေါ်လီတို့၏ အစ်ကိုသည် ၁၈-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းတည့်၁၂နာရီတွင်ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၀-၂-၂၀၀၄ (သောကြာနေ့) နံနက် ၁၁နာရီတွင် ရန်ကုန်စီးယင်းနှစ်ခြင်းအသင်းတော်၌ ဝတ်ပြု ကိုးကွယ်ခြင်း အစီအစဉ်ပြုလုပ်ပြီး နောက် ရေဝေး ခရစ်ယာန် သချိုင်းသို့ ပို့ဆောင်မြေမြှုပ်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ထိုင်းနိုင်ငံ စက်မှုဝန်ကြီး H.E. Mr. Phinij Jarusombut နှင့် အဖွဲ့ဝင်များအား ရန်ကုန် မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ထိုင်းနိုင်ငံ စက်မှုဝန်ကြီးနှင့်အဖွဲ့ဝင်များအား ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ထိုင်းနိုင်ငံစက်မှုဝန်ကြီး H. E. Mr. Phinij Jarusombut နှင့် အဖွဲ့ဝင်များအား ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု

စာမျက်နှာ ၉ ကော်လံ ၂ သို့ ☆

မြန်မာနိုင်ငံ၏နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ထိုင်းနိုင်ငံ စက်မှုဝန်ကြီး H. E. Mr. Phinij Jarusombut ဦးဆောင်သော စီးပွားရေး ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိစဉ် ရန်ကုန်မြို့ ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်၌ မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ၂နာရီတွင် ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ထိုင်းနိုင်ငံစက်မှုဝန်ကြီး H.E. Mr. Phinij Jarusombut က အဖွင့်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၅ သို့ ❍

နွေစပါးသတ်မှတ်လျာထားချက် ပြည့်မီကျော်လွန်အောင်ဆောင်ရွက် နေအိမ်ခြံဝင်းအတွင်း မိရိုးဖလာနည်းဖြင့် ရေတ်ကောင်းပင်စိုက်ပျိုး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ဧရာဝတီတိုင်း ဖျာပုံခရိုင် ဖျာပုံမြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၅ရက် နံနက် ၈နာရီတွင် နယ်မြေခံတပ်ရင်းသို့ရောက်ရှိပြီး တပ်ရင်းခန်းမတွင် အရာရှိ၊အရာခံ၊အကြပ်၊စစ်သည်များနှင့် ၎င်းတို့၏ မိသားစုဝင်များအားတွေ့ဆုံပြီး တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူရေး၊ မိသားစုများပညာရေးနှင့် ကျန်းမာရေးကိစ္စများ စနစ်တကျ ဆောင်ရွက်ပေးရေးတို့ကို မှာကြားသည်။

တွေ့ဆုံမှာကြား

ယင်းနောက် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမသို့ရောက်ရှိကြပြီး ခန်းမတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဖျာပုံခရိုင်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် မြို့မိ မြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားသည့်အခမ်းအနားကိုကျင်းပရာ

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✧

စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ဆားလင်းကြီး ချည်မျှင်နှင့် အထည်စက်ရုံ တည်ဆောက်ရေး စီမံကိန်းပြီးစီးမှုကို ဖေဖော်ဝါရီ ၁၇ ရက်က တွေ့ရစဉ်။ (သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)

ယနေ့ထုတ် စောင်ရေ ၁၉၆၈၅၄